ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရားဌ်တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 6 November 2024 ၁၁၆၃၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တွေ့ဆုံဆွေးနွေး

## ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ ဆွေးနွေး


**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် ယနေ့ညနေပိုင်းတွင် ကူမင်းမြို့ရှိ Haigeng Hotel ညှိ့ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူးက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်တွေ့ဆုံဆွေးနွေးရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူးက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ယနေ့ ဖတ်စရာ

မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း စာမျက်နှာ » ၂

ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ညီတူညီမျှရှိရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ACMECS ၏ နှစ်(၂၀) ပြည့်လွန်ကာလမှသည် ဆောင်းပါး စာမျက်နှာ » ၁၁

ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု၏ အရေးပါမှုနှင့် အခန်းကဏ္ဍ ဆောင်းပါး စာမျက်နှာ » ၁၈

ကြေးမုံ

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုဦးစားပေး ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ သွားရောက်သောခရီးစဉ်တွင် ကူမင်းမြို့၌ နိုဝင်ဘာလ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများသို့ ပါဝင်တက်ရောက်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဟု သိရသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ တောင်အာရှ၊ အရှေ့အာရှနှင့် အရှေ့တောင်အာရှဒေသရှိ ဒေသတွင်းနိုင်ငံများအားလုံးနှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိနေသောနိုင်ငံဖြစ်၍ မဟာဗျူဟာအချက်အချာကျသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သလို ဖော်ပြပါ အာရှဒေသတွင်းနိုင်ငံ ခြောက်နိုင်ငံနှင့် ပေါင်းစုဖွဲ့စည်းထားသည့် မဟာမဲခေါင်ဒေသခွဲ (GMS) အဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည်။ မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်နှင့်အညီ အရှေ့တောင်အာရှနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိပြီး နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

အင်ဒိုချိုင်းနားကျွန်းဆွယ်ပေါ်တွင်တည်ရှိသည့် လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့ပါဝင်သည့် မဟာမဲခေါင်ဒေသခွဲ (GMS) နိုင်ငံများသည် ရှေးအစဉ်အဆက် ရင်းနှီးချစ်ကြည်စွာဖြင့် နိုင်ငံအချင်းချင်း လက်တွဲပူးပေါင်း ဆောင်ရွက်လာခဲ့ကြသောနိုင်ငံများဖြစ်သည်။ အထူးသဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး မဲခေါင်မြစ်ကော်မရှင်၊ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်နှင့် အာဆီယံ-မဲခေါင် ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မဟာမဲခေါင်ဒေသခွဲ (GMS) ၏ ပူးပေါင်းဆောင်ရွက်မှု အဓိကရည်ရွယ်ချက်များမှာ ပိုမိုပေါင်းစည်း၍ ပြည့်စုံကြွယ်ဝပြီး လိုက်လျောညီထွေမှုရှိသည့် မဲခေါင်ဒေသခွဲဖြစ်လာစေရေး၊ ချိတ်ဆက်မှုပိုမိုကောင်းမွန်လာစေရေး၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာစေရေးနှင့် အသိုက်အဝန်းစိတ်ဓာတ် မြှင့်တင်ရေးတို့ဖြစ်သည်။ မဟာဗျူဟာ ဦးတည်ချက်များမှာ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကဏ္ဍ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ အခြားကဏ္ဍပေါင်းစုံနှင့် နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်များကဏ္ဍတို့ကို အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ရေးဖြစ်သည်။

မဟာမဲခေါင်ဒေသခွဲ (GMS)၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များတွင် မြန်မာနိုင်ငံနှင့် အဖွဲ့ဝင်နိုင်ငံများ အားတက်သရော လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များအား ခေတ်မီနည်းစနစ်များအသုံးပြုပြီး ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးပြည့်ဝရေးအတွက် GMS ၏ ကျန်းမာရေးမဟာဗျူဟာနှင့် ချိတ်ဆက်ပြီး ဒေသဆိုင်ရာအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

မဟာမဲခေါင်ဒေသခွဲ (GMS) ၏ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် အားတက်သရော ပူးပေါင်းဆောင်ရွက်နေရာ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အောင်မြင်အောင်ထုတ်လုပ်နိုင်သည့် အခြေခံကောင်းများ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ နိုင်ငံတကာတွင် လိုအပ်နေသည့် စားရေရိက္ခာဖူလုံရေးကို များစွာအထောက်အကူပြုသည့်နိုင်ငံဖြစ်သည်။ ထိုအခြေခံကောင်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရာတွင် မဟာမဲခေါင်ဒေသခွဲ (GMS) နှင့် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။

သို့ဖြစ်ရာ မဟာမဲခေါင်ဒေသခွဲ (GMS) နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းနေသည့် GMS ထိပ်သီးအစည်းအဝေး၊ GMS စီးပွားရေးဖိုရမ်၊ GMS ဝန်ကြီးအဆင့်အစည်းအဝေး၊ GMS အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ကဏ္ဍအလိုက်အဖွဲ့များ၏ ညှိနှိုင်းအစည်းအဝေးများကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိရာ ယခုကျင်းပပြုလုပ်မည့် GMS ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။




## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသောလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အေးချမ်းစွာ ပညာသင်ကြားနေတဲ့ စာသင်ကျောင်းကိုပါ အကြောင်းမဲ့ ပစ်ချတိုက်ခိုက်လာကြတဲ့ အကြမ်းဖက် သောင်းကျန်းသူများ"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အရိပ်လည်းနေ အခက်လည်းချိုးကြသော PDF အကြမ်းဖက်များမှ အုန်းပေါင်းရွာက ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်သွား"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့် အထက်အငှားယာဉ်များအား ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၁၁ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၄၈၅ | ၄,၀၇၅,၀၀၀ |
| MTSH | ၃,၃၀၀ | ၃,၂၅၀ | ၅,၃၃၂ | ၁၇,၅၈၀,၆၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၃၅ | ၂၉၄,၀၀၀ |
| FPB | ၁,၉၅၀ | ၁,၉၀၀ | ၁,၈၄၆ | ၃,၅၀၇,၄၅၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၁,၁၃၀ | ၁,၈၇၁,၀၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၁ | ၄,၅၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၀၀ | ၁,၃၁၉ | ၄,၂၃၁,၁၅၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဦးဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး | | **အငယ်တန်း သတင်းထောက်များ** - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | | **သုတေသန** - | ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။


themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တွေ့ဆုံဆွေးနွေးစဉ်။

☆ ရှေ့ဖုံးမှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ယူနန်ပြည်နယ်မှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုအပ်ပါကြောင်း ဦးစွာပြောကြားပြီး ယူနန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံအကြား သံတမန်ရေးအရ၊ စီးပွားရေးအရ ကူးလူးဆက်ဆံ ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်၍ နယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်မှုများကိုအတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ သဘောတူညီပြီးဖြစ်သည့် စီမံကိန်းလုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့ကို ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**❖ ကမ္ဘာတစ်ဝန်း၌ တိုးတက်လာသည့် လူဦးရေနှင့်အတူ ကြုံတွေ့လာရသည့် စားရေရိက္ခာ လိုအပ်ချက်အား မြန်မာနိုင်ငံအနေဖြင့် ဖြည့်ဆည်းပေးနိုင်မည့် အရင်းအမြစ်ကောင်းများစွာ ပိုင်ဆိုင်ထားသည့်အတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ သစ်တောထွက်သယံဇာတများကို အခြေခံသည့် စက်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်**

**အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့ကိုယ်စားလှယ်အဖွဲ့အား ယူနန်ပြည်နယ်မှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် သံတမန်ဆက်ဆံမှု (၇၅) နှစ် စိန်ရတုကာလသို့ မကြာမီရောက်ရှိတော့မည်ဖြစ်ပြီး နှစ်နိုင်ငံအကြားနက်ရှိုင်းသည့် ဆက်ဆံရေးကောင်းများရှိကာ အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံအကြား ခွဲခြား၍မရသည့် ဆက်ဆံရေးကောင်းကို ပိုင်ဆိုင်ထားပြီးဖြစ်သကဲ့သို့ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံသည်လည်း ခွဲခြား၍မရနိုင်ဘဲ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်သွားရန်လိုအပ်မှု၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှသာလျှင် သွင်းကုန်၊ ပို့ကုန်ကဏ္ဍကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး စီးပွားရေးအရ ကူးလူးဆက်သွယ်မှုကို ပိုမိုအကောင်အထည်ဖော်နိုင်မည်ဖြစ်သဖြင့် နှစ်နိုင်ငံအကြား နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကို အတူတကွပူးပေါင်း၍ အရှိန်မြှင့်တင် ဆောင်ရွက်သွားရန်လိုအပ်မှု၊ ကမ္ဘာတစ်ဝန်း၌ တိုးတက်လာသည့် လူဦးရေနှင့်အတူ ကြုံတွေ့လာရသည့် စားရေရိက္ခာလိုအပ်ချက်အား မြန်မာနိုင်ငံအနေဖြင့် ဖြည့်ဆည်းပေးနိုင်မည့် အရင်းအမြစ်ကောင်းများစွာ ပိုင်ဆိုင်ထားသည့်အတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ သစ်တောထွက်သယံဇာတများကို အခြေခံသည့် စက်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုမှု၊ ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုတို့ အပါအဝင် အခြားသောကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားရန် မြန်မာနိုင်ငံဘက်မှ အသင့်ရှိသည့် အခြေအနေများနှင့် နှစ်ဖက် ကူးလူးဆက်ဆံသွားလာရေးတွင် လုံခြုံချောမွေ့ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ပြန်လည် ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၄ သို့ ☆

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ကျင်းပပြုလုပ်မည့် ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ရန် ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion (GMS) Summit)၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား- မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေး (10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS)Summit) နှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး (11th Cambodia-Lao PDR-Myanmar-Vietnam (CLMV) Summit) တို့သို့ တက်ရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) မှ အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အားကောင်စီဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံရုံး ဒုတိယအကြီးအကဲနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

အဆိုပါခရီးစဉ်အတွင်း ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ လေ့လာသွားကြမည် ဖြစ်ကြောင်းနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည်လည်း သက်ဆိုင်ရာကဏ္ဍများအလိုက် အလုပ်သဘောဆိုင်ရာ တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ဒေသစံတော်ချိန်နံနက်ပိုင်းတွင် ရောက်ရှိကြရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်၊ တရုတ်ကွန်မြူနစ်ပါတီ၊ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Yang Yalin နှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များက ပန်းစည်းကမ်းခြင်း၊ နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ ရိုးရာယဉ်ကျေးမှုအကအလှများ ကပြခြင်းတို့ဖြင့် သောင်းသောင်းဖြဖြ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များက သောင်းသောင်းဖြဖြ လှိုက်လှဲနွေးထွေးစွာကြိုဆိုကြစဉ်။

---

☆ စာမျက်နှာ ၃ မှ

ထို့နောက် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ လူသားအရင်းအမြစ် လေ့ကျင့်မွေးထုတ်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွသုံးဆောင်ကြစဉ်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာကြသည့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီ အတွင်းရေးမှူးနှင့် အတူ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် အမြဲတမ်းကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြား

## နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ ဆက်နွယ်မှုသည် မိမိတို့သွားလိုသည့်အနာဂတ်ကို လျှောက်လှမ်းနိုင်ရန် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၅**

တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ HUALUXE Kunming Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နှစ်နိုင်ငံနှင့်နှစ်နိုင်ငံပြည်သူများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ဆက်နွယ်မှုသည် မိမိတို့သွားလိုသည့် အနာဂတ်ကို လျှောက်လှမ်းနိုင်ရန် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ မိမိအနေဖြင့် ယခုလိုပြောကြားခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုသည် မကြာခင်ကာလတွင် စိန်ရတုမှတ်တိုင်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူများအကြား၊ စီးပွားရေးလုပ်ငန်းများအကြား၊ အစိုးရဌာနများအကြား ကောင်းမွန်သည့်ဆက်ဆံရေးများကို လက်တွေ့ဖော်ဆောင်ရင်း အပြန်အလှန်ယုံကြည်မှုများ ပိုမိုတိုးတက် ခိုင်မြဲလာသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ ဆက်နွယ်မှုကလည်း မိမိတို့သွားလိုသည့် အနာဂတ်ကို လျှောက်လှမ်းနိုင်ရန် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ကို ဖြစ်စေကြောင်း။

> ☆ **တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများနှင့် ဇီဝနည်းပညာသုံး စိုက်ပျိုးနည်းစနစ်ကို အောင်မြင်စွာ အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရ**
>
> ☆ **ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် နည်းပညာလွှဲပြောင်းရယူရေး၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် အစားအစာဘေးကင်းလုံခြုံမှုရှိပြီး ဂေဟစနစ်ကို ရေရှည်ထိန်းသိမ်းထားနိုင်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး မိမိတို့၏မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များနှင့် ယခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်သွားရန် ဖိတ်ခေါ်လို**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ သဘာဝအရတည်ရှိနေသည့် တည်နေရာကြောင့် ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ကြီးမားသည့်ဈေးကွက်နှင့် လျင်မြန်စွာတိုးတက်နေသော အာဆီယံဒေသတွင်း၏ အချက်အချာကျသည့်နေရာတွင်ရှိနေကြောင်း။

ယင်းနှင့်ဆက်စပ်ပြီး ပြောရမည်ဆိုပါက မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်း ကောင်းစွာဆောင်ရွက်နိုင်သည့် ရာသီဥတုနှင့် မြေအကျယ်အဝန်း ရှိပါကြောင်း၊ အရှေ့တောင်အာရှဒေသတွင် လယ်ယာမြေဟက်တာ ၆၅ သန်းကျော်ရှိပြီး လယ်ယာမြေအများဆုံးပိုင်ဆိုင်သည့်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် စိုက်ပျိုးမြေ၏ ၂၀ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးနိုင်ပါသေးကြောင်း၊ ယင်းသည် မြေဆီသြဇာကြွယ်ဝကောင်းမွန်ပြီး ဓာတုပစ္စည်းများ သက်ရောက်မှုမရှိသေးသည့် စိုက်ပျိုးမြေနေရာများစွာကို ရင်းနှီးမြှုပ်နှံလိုသူများအတွက် အခွင့်အလမ်းကောင်းများပင်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးကို အခြေခံသည့် မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် အခွင့်အလမ်းများလည်းရှိကြောင်း။

တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများနှင့် ဇီဝနည်းပညာသုံး စိုက်ပျိုးနည်းစနစ်ကို အောင်မြင်စွာအသုံးပြုနေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် နည်းပညာလွှဲပြောင်းရယူရေး၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် အစားအစာ ဘေးကင်းလုံခြုံမှုရှိပြီး ဂေဟစနစ်ကို ရေရှည်ထိန်းသိမ်းထားနိုင်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များနှင့် ယခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်သွားရန် ဖိတ်ခေါ်လိုကြောင်း။

မိမိအနေဖြင့် မြန်မာနိုင်ငံ၏ ရှိရင်းစွဲသဘာဝက ပေးသည့် စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများကို အသုံးချပြီး ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာ အဓိကထုတ်လုပ်နိုင်သည့်နိုင်ငံဖြစ်စေရေး ဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းထုတ်ကုန်များ တိုးတက်မြင့်မားလာစေရန်အတွက် စိုက်ပျိုးရေးနည်းစနစ်များနှင့်အတူ အခြေခံလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေသြဇာထုတ်လုပ်ရေး၊ သဘာဝမြေသြဇာထုတ်လုပ်ရေး၊ အပင်အားဆေးနှင့် ပိုးသတ်ဆေးလိုအပ်ချက်များလည်း ရှိနေပါကြောင်း၊ ယင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ဆက်သွယ်ဆောင်ရွက်နေသည့် ကုမ္ပဏီအဖွဲ့အစည်းများလည်း ရှိကြောင်း၊ ပိုမိုတိုးတက်လုပ်ဆောင်နိုင်ရန် မိမိတို့အနေဖြင့်လည်း လိုအပ်သည်များကို ကူညီပေးရန် အသင့်ရှိကြောင်း၊ စက်မှုလယ်ယာကဏ္ဍကို အရှိန်အဟုန်မြှင့်တင်နိုင်မည့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခြွေလှေ့ခြင်း၊ သိုလှောင်ခြင်းတို့အတွက် ခေတ်မီစက်ကိရိယာများ၊ သိုလှောင်ရုံများ ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်လိုကြောင်း။

လက်ရှိဆောင်ရွက်နေသည့် ကြက်၊ ဝက်၊ နွား မွေးမြူရေးလုပ်ငန်းများတွင် ခေတ်မီနည်းစနစ်များဖြင့် မွေးမြူပြီး အေးခဲအသားထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ အနောက်ဘက်အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့သည် လူဦးရေများပြားသည့်နိုင်ငံများဖြစ်ပြီး စားနပ်ရိက္ခာ ဈေးကွက်ကြီးမားလှကြောင်း၊ စိုက်ပျိုးရေးကဏ္ဍကို စက်မှုလယ်ယာအဖြစ် မြှင့်တင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားကြောင်း၊ ထို့ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေး လုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန် သီးခြားကူညီထောက်ပံ့မှုများ ပံ့ပိုးပေးလျက်ရှိသည်ကို အလေးထား ပြောကြားလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အပြင် အခြေခံစက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါနှင့် ရော်ဘာ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်နေကြောင်း၊ ဝါမှတစ်ဆင့် ချည်မျှင်၊ ၎င်းမှအထည်အလိပ်များ ထုတ်လုပ်နိုင်ရန်အထိ ရည်ရွယ်ချက်ထားလုပ်ဆောင်နေခြင်းဖြစ်ပြီး ဝါစိုက်ပျိုးနိုင်သည့် မြေနေရာများစွာရှိကြောင်း၊ ရော်ဘာစိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ကာလတို၊ ကာလရှည် စီမံကိန်းများ ရေးဆွဲပြီး အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ ရော်ဘာကုန်ကြမ်းမှ ဖိနပ်၊ ရော်ဘာလက်အိတ်နှင့် တာယာအမျိုးမျိုးတို့ကို ထုတ်လုပ်နိုင်ရေးရည်ရွယ်ထားကြောင်း၊ မိမိအနေဖြင့် သစ်အခြေခံ ပရိဘောဂလုပ်ငန်းများ၊ သစ်ပါးလွှာ၊ အထပ်သား၊ သစ်ကြိတ်သား၊ သစ်ခွဲသားထုတ်လုပ်ခြင်းလုပ်ငန်းများအပြင် အဆင့်မြင့်ချည်ထုတ်လုပ်ခြင်း၊ အဆင့်မြင့်ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံ ပရိဘောဂပစ္စည်းများထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိသည်ကို သတင်းကောင်းပါးလိုကြောင်း။

**စာမျက်နှာ ၆ သို့ ❍**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဆွေးနွေးပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဆွေးနွေးပြောကြားစဉ်။









မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် လိုအပ်ချက်များကိုဆွေးနွေးပြောကြားစဉ်။

**☆ မိမိတို့နှစ်နိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သွင်းကုန်/ပို့ကုန် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော် ရှိသောကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ခိုင်မာအားကောင်းနေသည်ကို ပေါ်လွင်နေ**

**☆ မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်း ထိစပ်ရပ်တည်နေသောကြောင့် စားရေရိက္ခာ၊ အခြားကုန်ပစ္စည်းများနှင့် ပတ်သက်ပြီး အဆင့်မီတိုးမြှင့်ထုတ်လုပ်ရန် အခွင့်အလမ်းရှိသည့် နိုင်ငံဖြစ်**

❍ စာမျက်နှာ ၅ မှ

မြန်မာနိုင်ငံ၏ ဒေသအများစုတွင် ဝါးနှင့်ကြိမ်တို့ပေါက်ရောက်ကြောင်း၊ ယင်း ဝါးနှင့်ကြိမ်ကုန်ကြမ်းမှ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် ယခုထက်ပိုပြီး ဖြန့်ချိနိုင်ရန် လိုအပ်နေကြောင်း၊ ထိုသို့ နိုင်ငံတော်၏ဈေးကွက်စီးပွားရေးမူဝါဒနှင့်အညီ ဖြစ်ပေါ်လာသည့် ပုဂ္ဂလိကသစ်အခြေခံစက်မှုလုပ်ငန်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့်နည်းပညာနှင့်ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဦးတည်ချက်ထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သည့် ဘိလပ်မြေများကို ပြည်တွင်းတွင် လုံလောက်အောင် မထုတ်လုပ်နိုင်သေးသည့်အတွက် ဘိလပ်မြေထုတ်လုပ်ရေးကဏ္ဍကလည်း အခွင့်အလမ်းများစွာရှိနေကြောင်း၊ မြန်မာနိုင်ငံတွင် ဘိလပ်မြေထုတ်လုပ်ရန် အခြေခံကုန်ကြမ်းများဖြစ်သည့် ထုံးကျောက်၊ ဂျစ်ပဆန်နှင့် ဂေါ်ဒန်ကျောက်များ ပေါ်ကြွယ်ဝကြောင်း၊ ထို့ပြင် နေ့စဉ်မဖြစ်မနေအသုံးပြုနေရသည့် လျှပ်စစ်ဓာတ်အားအတွက်လည်း တရုတ်နိုင်ငံတွင် အောင်မြင်ပြီးဖြစ်သည့် ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ၊ ရေအားလျှပ်စစ်လုပ်ငန်းများကို လာရောက်ရင်းနှီးလုပ်ကိုင်စေလိုကြောင်း၊ တရုတ်နိုင်ငံသည် လျှပ်စစ်ကားကဏ္ဍတွင် ကမ္ဘာ့ဦးဆောင်နေရာကို ရရှိပြီးဖြစ်သောကြောင့် လျှပ်စစ်ကားလုပ်ငန်းကိုလည်း မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ဓာတ်မြေသြဇာ ထုတ်လုပ်ခြင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေးလျှပ်စစ်သုံးယာဉ် ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများထုတ်လုပ်ခြင်းနှင့် စားသုံးဆီထုတ်လုပ်ခြင်းစသည့် ကဏ္ဍများတွင် မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လုပ်ကိုင်ပါက ဦးစားပေးပြီး ဝန်ဆောင်မှုများ အထူးပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၁၉၈၈ ခုနှစ်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကဏ္ဍ ၁၂ ခုတွင် အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၃၈ ဘီလီယံရှိခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို သုံးသပ်ကြည့်သည့်အခါ စိုက်ပျိုးရေးကဏ္ဍတွင် သုည ဒသမ ၄၈ ရာခိုင်နှုန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ၁ ဒသမ ၀၄ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၈ သန်းကျော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁၀၅ သန်းကျော် ရင်းနှီးမြှုပ်နှံထားကြောင်း၊ လူကြီးမင်းတို့အနေဖြင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အောင်မြင်နိုင်သည့် အခွင့်အလမ်းများကို ဖမ်းဆုပ်နိုင်ရန်အတွက် အခုထက်ပိုမိုပြီး ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သွင်းကုန်/ပို့ကုန် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော် ရှိသောကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ခိုင်မာအားကောင်းနေသည်ကို ပေါ်လွင်နေကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်း ထိစပ်ရပ်တည်နေသောကြောင့် စားရေရိက္ခာ၊ အခြားကုန်ပစ္စည်းများနှင့် ပတ်သက်ပြီး အဆင့်မီတိုးမြှင့်ထုတ်လုပ်ရန် အခွင့်အလမ်းရှိသည့်နိုင်ငံဖြစ်ကြောင်း။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေသည်မှာ ဆန်၊ ပဲမျိုးစုံနှင့် နှမ်း စသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ ကျွန်း၊ သစ်မာ ကုန်ကြမ်းများနှင့် သစ်အခြေခံ အချောထည်ထုတ်ကုန်များဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခုလို ပို့ကုန်များကို တန်ဖိုးမြင့်သစ်အခြေခံထုတ်ကုန်များ (Value-added Wood-based Products) အဖြစ် ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များကို ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်မက တိုးမြှင့်သွားလိုကြောင်း၊ ယင်းအတွက်လည်း မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကို သိသာစွာ ပံ့ပိုးပေးထားကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍများနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ဆုံရာနေရာ၌ အချက်အချာကျကျ တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်မှု လမ်းဆုံနေရာတွင် ရှိကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာ့လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍသည်လည်း လူကြီးမင်းတို့အတွက် အလားအလာကောင်းများ ရှိသည့်အတွက် အသိပေးလိုကြောင်း။

ဒေသတွင်းဆောင်ရွက်ချက်များကို ပြောရမည်ဆိုပါက မြန်မာနိုင်ငံက ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံးနိုင်ငံများထဲတွင် ပါဝင်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ် မေလ ၁ ရက်မှ စပြီး အသက်ဝင်ခဲ့ကြောင်းကို အတည်ပြုပေးခဲ့ကြောင်း၊ တစ်ဖက်တွင်လည်း RCEP သဘောတူစာချုပ်အရ RCEP ဖောင်ပုံစံများနှင့် ဆက်စပ်အာမခံချက်စာရွက်စာတမ်းများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှစတင်ပြီး ထုတ်ပေးလျက်ရှိကြောင်း၊ လူကြီးမင်းတို့အနေဖြင့် စီးပွားရေးအရ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ RCEP သဘောတူစာချုပ်အပြင် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသဆိုင်ရာသဘောတူစာချုပ်(ACFTA)နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့် လွယ်ကူချောမွေ့စေရေး အစီအမံများကြောင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်ခိုင်မာမာနှင့် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ဆက်လက်ပြီး မိမိတို့၏မိတ်ဖက် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ လုပ်ငန်းလည်ပတ်လုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန် မိမိတို့၏ ဆောင်ရွက်ချက်အချို့ကို ထပ်မံမျှဝေလိုကြောင်း၊ ကုန်သွယ်မှု၊ နယ်စပ်ငွေလွှဲပြောင်းပေးချေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် ယွမ်-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ယွမ်နှင့် ရင်းနှီးမြှုပ်နှံမှုများ အပြည့်အဝပြုလုပ်နိုင်ကြောင်း။

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(Global Development Initiatives-GDI)တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ်ရှစ်ခုတွင်လည်း မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအရ တီထွင်ဆန်းသစ်မှုမှတစ်ဆင့် ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအားတို့ကို အဓိကမြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တက်ရောက်လာသည့် လူကြီးမင်းတို့အနေဖြင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးမှုနှင့်နည်းပညာဖြန့်ဖြူးခြင်းပိုင်းတွင် ဝင်ရောက်လက်တွဲလုပ်ကိုင်ကြရန်လည်း အလေးထားဖိတ်ခေါ်လိုကြောင်း။

မိမိတို့ တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်တွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်များနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်မှုများကို မျက်ကွယ်ပြုပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားအောင် နည်းမျိုးစုံဖြင့် ပြုလုပ်ပြီး နိုင်ငံရေးအရ၊ စစ်ရေးအရ အမြတ်ထွက်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းသည် နှစ်နိုင်ငံအစိုးရများနှင့် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှုမရှိဘဲ ဒေသတည်ငြိမ်ရေးအတွက် အန္တရာယ်များကြောင်း၊ လက်နက်ကိုင်သောင်းကျန်းမှု၊ တရားမဝင်လုပ်ငန်းများ လုပ်ဆောင်မှုများသည် ကူးစက်တတ်သည့်သဘောရှိကြောင်း၊ ယင်းသောင်းကျန်းသူများသည် ယခင်အတိတ်ကာလကလည်း နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးလုပ်ငန်းများ၊ မှောင်ခိုလုပ်ငန်းများနှင့် တရားမဝင်လုပ်ငန်းများလုပ်ဆောင်ပြီး စစ်ဘုရင်ဝါဒကို အသက်သွင်းခဲ့သည့်သူများဖြစ်ကြောင်း၊ ယခုအချိန်တွင်လည်း ဒီမိုကရေစီအရေး၊ လူမျိုးစုအရေးစသည့် အရေးများကို ရုပ်ပြအဖြစ်အသုံးပြုပြီး စစ်ဘုရင်ဝါဒကို ပြန်လည်အသက်သွင်းနေသည်ကို တွေ့မြင်ရကြောင်း၊ "ကျားသေကို အသက်ပြန်မသွင်းမိကြစေဖို့" ပြောလိုကြောင်း၊ မိမိတို့ နှစ်နိုင်ငံအနေဖြင့် နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုသောကြောင့် နယ်စပ်ဒေသတည်ငြိမ်ပြီး ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်အောင် တတ်နိုင်သရွေ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

စာမျက်နှာ ၇ သို့ ❍

○ စာမျက်နှာ ၆ မှ

ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြင့် မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ယခုနေရာမှ မျှဝေခွင့်ရခဲ့ကြောင်း၊ ယခုအခမ်းအနားမှတစ်ဆင့် မိမိတို့နှစ်နိုင်ငံအကြား ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

**မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် လိုအပ်ချက်များအား အသီးသီးဆွေးနွေးပြောကြား**

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းများဆောင်ရွက်ရာတွင် အစိမ်းရောင်ပတ်ဝန်းကျင်ကို ဖော်ဆောင်နိုင်မည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင်ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် မြန်မာနိုင်ငံအစိုးရမှ ဖြေရှင်းပေးနိုင်မည့် အခြေအနေများ၊ ကုမ္ပဏီများအလိုက်မှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှချမှတ်ထားသည့် ပို့ကုန်၊ သွင်းကုန်မူဝါဒများအား သိရှိလိုမှု၊ နှစ်နိုင်ငံစီးပွားဆက်သွယ်မှု လမ်းကြောင်းများအား ယခုထက်ပိုမိုပွင့်လန်းလာစေရေး ဆောင်ရွက်နိုင်ရန်လိုအပ်မှု၊ ကျောက်မီးသွေးမှ ဓာတ်မြေဩဇာထုတ်ယူမှုလုပ်ငန်းစဉ်အား မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုမှုနှင့် ၎င်းစီမံကိန်းမှတစ်ဆင့် မြန်မာနိုင်ငံနှင့်နိုင်ငံသားတို့အတွက် အကျိုးကျေးဇူးများစွာကို ဖော်ဆောင်ပေးနိုင်မည့်အခြေအနေများ၊ ယခုကဲ့သို့ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် အချိန်ပေး၍ လက်ခံဖြေကြားဆွေးနွေးပေးသည့်အတွက် မြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား အထူးပင်ကျေးဇူးတင်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာမေးမြန်းဆွေးနွေးကြသည်။

**သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက အသီးသီးပြန်လည်ဆွေးနွေးပြောကြား**

ထိုကဲ့သို့ တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏ မေးမြန်းဆွေးနွေးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်မှ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က မြန်မာနိုင်ငံ၏ လျှပ်စစ်မီးသုံးစွဲမှုစနစ်များနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုနှင့်ပတ်သက်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုမှုအပေါ် နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားပြည့်မီစွာ ထုတ်ယူသုံးစွဲနိုင်ရေးအတွက်လည်း ရေရှည်စီမံချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းအပါအဝင် အခြားနယ်ပယ်စုံ၌ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်လျက်ရှိမှုနှင့် လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများနှင့် သွင်းကုန်၊ ပို့ကုန်မူဝါဒများအား တတ်နိုင်သရွေ့ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံခြားငွေလဲလှယ်မှုများ အဆင်ပြေစေရေးနှင့် ပြည်တွင်းကုန်ဈေးနှုန်းများ ထိန်းသိမ်းနိုင်ရေးတို့အတွက် ကော်မတီများဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံခြားငွေလဲလှယ်မှုနှင့်ပတ်သက်၍ အနောက်အုပ်စု၏ ငွေကြေးပိတ်ဆို့မှုများကြောင့် ငွေကြေးလဲလှယ်မှုနှုန်းထားများ ဖောင်းပွမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျထိန်းချုပ်ဆောင်ရွက်ခဲ့ပြီး ငွေကြေးတည်ငြိမ်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့မှု၊ နိုင်ငံအချင်းချင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမြန်ဆန်မှုရှိစေရေးအတွက် ကျပ်-ယွမ်၊ ကျပ်-ဘတ်၊ ကျပ်-ရူပီးတို့ကဲ့သို့ တိုက်ရိုက်ငွေကြေးသုံးစွဲမှုပုံစံများဖြင့် ပေးချေနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကျောက်မီးသွေးမှ ဓာတ်မြေဩဇာထုတ်လုပ်မှုလုပ်ငန်းစဉ်အား မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုမှုအပေါ် နိုင်ငံတော်အဆင့် စီမံကိန်းအဖြစ်သတ်မှတ်၍ လိုအပ်သည့် ကွင်းဆင်းလေ့လာခြင်းနှင့် လုပ်ငန်းစဉ်များ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို အတူတကွသုံးဆောင်ကြစဉ်။

**ဆွေးနွေးမှုများနှင့်ပတ်သက်၍နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြား**

တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏မေးမြန်းဆွေးနွေးမှုများနှင့် ပြည်ထောင်စုဝန်ကြီးများ၏ ပြန်လည်ဆွေးနွေးမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွင် ရေအားလျှပ်စစ်၊ နေရောင်ခြည်သုံးလျှပ်စစ်၊ လေအားလျှပ်စစ်ဟူ၍ရှိပြီး တရုတ်နိုင်ငံအနေဖြင့် ရေအားလျှပ်စစ်၊ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားတို့ကို အောင်မြင်စွာဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပူပြင်းသည့်ရာသီဥတုရှိသည့်အတွက် နေရောင်ခြည်သုံးဆိုလာစွမ်းအင်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါရာသီဥတုပူပြင်းသည့်ဒေသများ၌ လာရောက်ရင်းနှီးမြှုပ်နှံမည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ပြီး ဆောင်ရွက်မည်ဆိုပါက ဆိုလာစွမ်းအင်မှရရှိသည့် လျှပ်စစ်ဓာတ်အားဖြင့် ရေရရှိအောင်ဆောင်ရွက်၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်မည်ဆိုပါကလည်း ၎င်းကြောင့် ထိခိုက်နိုင်မည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းများဆောင်ရွက်မည်ဆိုပါက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း မဖြစ်မနေထည့်သွင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း။

ငွေကြေးဖောင်းပွမှုများနှင့် ပတ်သက်၍လည်း တိုက်ရိုက်ငွေပေးချေမှုနည်းလမ်းဖြင့် အဖြေရှာဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုများမရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ အခက်အခဲများကြုံတွေ့ခဲ့ပါကလည်း တင်ပြဆောင်ရွက်သွားနိုင်ပြီး နိုင်ငံတော်အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အောင်မြင်စွာဆောင်ရွက်နိုင်မည့်အခြေအနေရှိပြီး နိုင်ငံတော်မှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်မှလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် ကုန်ချောအဆင့်ထိ ထုတ်လုပ်ဆောင်ရွက်ခြင်းကို မိမိတို့အနေဖြင့် ပိုမိုအားပေးဆောင်ရွက်လိုပါကြောင်း၊ နယ်စပ်ဒေသ ကုန်သွယ်မှုလုပ်ငန်းများ မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိနိုင်ရေးအတွက်လည်း အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် ကျောက်မီးသွေးမှ ဓာတ်မြေဩဇာထုတ်လုပ်သည့်စီမံကိန်း အောင်မြင်စွာ ဖြစ်မြောက်စေရေး မိမိအနေဖြင့် အားပေးပါကြောင်း၊ လိုအပ်သည့်လုပ်ငန်းစဉ်များအဆင့်အလိုက် ဆက်လက်တိုးတက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်ရေးစီမံကိန်းများ လာရောက်ရင်းနှီးမြှုပ်နှံလိုမှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ကြိုဆိုပါကြောင်းနှင့် လိုအပ်သည့်ဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားနိုင်ပါကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အနေဖြင့် ဆွေးနွေးပြောကြားရာ၌ ယခုကဲ့သို့ ရင်းရင်းနှီးနှီး ဆွေးနွေးပြောကြားရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





## အုတ်တွင်းမြို့နယ်၌ မိုးစပါးစက်ရိတ်သိမ်း

**အုတ်တွင်း နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဆွဲလဲချောင်းကျေးရွာရှိ တောင်သူ ဒေါ်ခင်အေး၏ စပါးသီးနှံတွင် သဘာဝမြေဩဇာ ပေါင်းစပ်အကျိုးပြုမှုကို လေ့လာခြင်း သုတေသနစံပြကွက် ဆင်းသုခမျိုးအား မိုးစပါးစက်ကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုး၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး မိုးစပါးများ ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း အစို ၁၁၉ တင်း၊ အခြောက် ၁၀၈ ဒသမ ၂၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်နှင့် ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့သို့ သွားရောက်လေ့လာကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ခရီးစဉ်တွင် လိုက်ပါလာကြသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာ ကောလိပ်နှင့် ကူမင်းသိပ္ပံနှင့် နည်းပညာ တက္ကသိုလ်တို့သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်တွင် ကြည့်ရှုလေ့လာစဉ်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှု နည်းပညာကောလိပ်သို့ ရောက်ရှိကြရာ ကောလိပ်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကောလိပ်ဆိုင်ရာ အချက်အလက်များ၊ ကောလိပ်မှ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သက်မွေးပညာဘာသာရပ်များနှင့် နည်းပညာဆိုင်ရာ ဘာသာရပ်များ၊ မြန်မာနိုင်ငံ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အပါအဝင် နိုင်ငံတကာမှ သက်မွေးဘာသာရပ်ဆိုင်ရာ သင်ကြားပေးနေသည့် ကောလိပ်များ၊ တက္ကသိုလ်များဖြင့် ဆက်ဆံမှုစနစ် ထူထောင်ထားရှိပြီး ကူးလူးဆက်ဆံဆောင်ရွက်လျက်ရှိမှု၊ အတတ်ပညာပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လုပ်သားများ၊ ပညာရှင်များ မွေးထုတ်ပေးလျက်ရှိမှုနှင့် အခြားဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။





ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကောလိပ်အတွင်းရှိ Electromechnical Training Centre အတွင်း ကမ္ဘာ့အဆင့် အတတ်ပညာဆိုင်ရာ ပြိုင်ပွဲများ၊ ပြပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နည်းပညာရပ်ဆိုင်ရာများ၊ ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အဆင့်မြင့်နည်းပညာ အသုံးပြုစက်ကိရိယာများ ခင်းကျင်းပြသထားရှိမှု၊ China’s Training Base for WorldSkills Competition Information Network Cabling အတွင်း ကေဘယ်ဆိုင်ရာလေ့ကျင့်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ တက္ကသိုလ်ပါတီအတွင်းရေးမှူးဖြစ်သူ Mr. Teng Jiahua နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် တက္ကသိုလ်ရှိ AI နည်းပညာစမ်းသပ်ခန်းအတွင်း၌ တက္ကသိုလ်ဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ Video Clip ဖြင့် ဖွင့်လှစ်ရှင်းလင်းပြသသည်။ ထို့နောက် ဒုတိယပါမောက္ခချုပ်ဖြစ်သူ Mr. Liu Yanwen က AI နည်းပညာဆိုင်ရာ ဆောင်ရွက်ချက်များကို လက်တွေ့စမ်းသပ်ပြသသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်အတွင်းရှိ UAV နှင့် Drone နည်းပညာအသုံးပြု လယ်ယာစိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် ကင်းထောက်နိုင်မှုစွမ်းရည်များအား သင်ကြားပို့ချမှုဌာန၊ လူသားအစားထိုး အဆင့်မြင့်စက်ရုပ်နည်းပညာ၊ အာရုံခံစနစ်အသုံးပြုမှု နည်းပညာအသုံးချမှုစနစ်အား သင်ကြားပို့ချမှုဌာနတို့သို့ လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက္ကသိုလ်ပါတီ အတွင်းရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြပြီး တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်ကို ၁၉၅၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၇၀ သက်တမ်း ရှိပြီဖြစ်ကာ အင်ဂျင်နီယာ ဘာသာရပ်ကို အဓိကထား၍ သင်ကြားပို့ချလျက်ရှိသည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ ထို့ပြင် တက္ကသိုလ်ဝင်းအတွင်း၌ ဆေးဝါး၊ စိုက်ပျိုးရေး အစားအစာ၊ ဇီဝ၊ နည်းပညာများနှင့်သက်ဆိုင်သည့် ဘာသာရပ်များကိုလည်း သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံနှင့် ဒေသပေါင်း ၄၉ ခုမှ တက္ကသိုလ်များနှင့် သုတေသနစင်တာပေါင်း ၁၉၀ နှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၂၄၅ ခုကို လက်မှတ်ရေးထိုးထားရှိပြီးဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများအတွက် အင်ဂျင်နီယာနှင့် စီမံခန့်ခွဲမှု စွမ်းရည်သင်တန်းများကို ဖွင့်လှစ်ပေးခြင်း၊ နည်းပညာများ သင်ကြားပေးခြင်းနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် အဆင့်မြင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သုတေသနနှင့် ဖလှယ်မှုများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကူမင်းသိပ္ပံနှင့် နည်းပညာ တက္ကသိုလ်မှ တက္ကသိုလ်ပါတီအတွင်းရေးမှူး Mr. Teng Jiahua နှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်၌ လေ့လာကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆူးလေဆိပ်ကမ်းတံတားနှင့် ဝါးတန်းဆိပ်ခံတံတားရှိ သိုလှောင်ရုံများအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်း တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ စီမံခန့်ခွဲလျက်ရှိသည့် ဆူးလေ ဆိပ်ကမ်းတံတားနှင့် ဝါးတန်းဆိပ်ခံ တံတားများသို့ ရောက်ရှိပြီး ကုန်တင်၊ ကုန်ချလုပ်ငန်းများနှင့် ဆိပ်ကမ်းရှိ သိုလှောင်ရုံများတွင် ကုန်ပစ္စည်းများ သိုလှောင်ထားရှိ မှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အတူ ဆူးလေဆိပ်ကမ်းသို့ရောက်ရှိ ရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အင်ဂျင်နီယာချုပ်က သိုလှောင်ရုံ များ ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်း ဆောင်ရွက်ထားရှိမှု အခြေအနေ၊ နိုင်ငံတော်နှင့် ဌာနဝင်ငွေရရှိရေး အတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီ အမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိပြီဖြစ်၍ မြန်မာ့လယ်ယာထွက်ကုန်၊ ပို့ကုန် များ ရန်ကုန်ဆိပ်ကမ်းမှ တင်ပို့ရာ တွင် ဆူးလေဆိပ်ကမ်းတံတားကို အဓိကထား သုံးစွဲကြရသည်ဖြစ်၍ ဆူးလေဆိပ်ကမ်းတံတားအနေဖြင့် ဆိပ်ကမ်း ဝန်ဆောင်မှုလုပ်ငန်း များ စွမ်းဆောင်ရည်မြင့်မားရေး အလေးထား ဆောင်ရွက်ကြရန်၊ ကုန်စည်များ တင်ပို့ရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံ မှုရှိစေရေး အလေးထားဆောင် ရွက်ကြရန်၊ ဆိပ်ကမ်းလုပ်ငန်း သည် နိုင်ငံ့လူမှုစီးပွား စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင် ဝန်ဆောင်မှုပေး သည့်လုပ်ငန်းဖြစ်ရာ ဌာနပိုင်၊ ပုဂ္ဂလိကပိုင် ဆိပ်ခံတံတားများ ကြံ့ခိုင် ကောင်းမွန်နေစေရေး အတွက်လည်း စဉ်ဆက်မပြတ် စစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက် ကြရန်၊ ဆိပ်ကမ်းဧရိယာအတွင်း လုံခြုံရေးနှင့် မီးဘေးလုံခြုံရေးကို လည်း အထူးဂရုပြုဆောင်ရွက်ကြ ရန် လိုအပ်သည်များမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေး သည်။



ဆက်လက်၍ ဆူးလေဆိပ်ကမ်း အမှတ်(၁)၊ (၂)၊ (၃) တွင် ရော်ဘာ Fender တပ်ဆင်နေမှုများကို စစ်ဆေးကြည့်ရှုပြီး အရည်အသွေး ကောင်းမွန်ရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြု ဆောင်ရွက်ကြရန်နှင့် နိုင်ငံတကာ ဆိပ်ကမ်းဖြစ်၍ နိုင်ငံခြားအလံတင် သင်္ဘောများ အန္တရာယ်ကင်းရှင်းရေး ဂရုပြု ဆောင်ရွက်ရန်မှာကြား သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် လမ်းမတော် ဆိပ်ကမ်းဧရိယာသို့ ရောက်ရှိပြီး မြန်မာ့မီးရထား ဝါးတန်းကုန်ရုံရှိ သိုလှောင်ရုံများနှင့် မီးရထားလမ်း အခြေအနေများကို လည်းကောင်း၊ ပြည်တွင်းခရီးစဉ် ရေယာဉ်များ ဆိုက်ကပ်သည့် ဆိပ်ခံဇောတံတား များ၊ ရန်ကုန်မြစ် တစ်ဖက်ကမ်းသို့ သွားလာသည့် သမ္ဗန်ဆိပ်များ နှင့် ဆိပ်ကမ်းသိုလှောင်ရုံများ သို့လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပြန်လည် ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

# ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) အမှတ်စဉ်(၄၄) သင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၅**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်း စစ်သင်တန်းကျောင်း နေပြည်တော် နှင့် ရန်ကုန်တို့တွင် မြန်မာနိုင်ငံ စာရင်းကောင်စီက ကြီးမှူးဖွင့် လှစ်သည့် ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) အမှတ်စဉ်(၄၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲကို ပြည်ထောင်စု စာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်း ကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်း ဝန်နှင့် တာဝန်ရှိသူများ၊ သင်တန်း ကထိကများနှင့် သင်တန်းသားများ က နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမမှ လည်းကောင်း၊ မြန်မာနိုင်ငံစာရင်း ကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့ စာရင်းကိုင်များအသင်း၊ မြန်မာ နိုင်ငံစာရင်းကောင်စီနှင့် ကိုယ်ပိုင် စာရင်းကိုင် သင်တန်းကျောင်းတို့မှ တာဝန်ရှိသူများ၊ သင်တန်းကထိက များနှင့် သင်တန်းသားများက အွန်လိုင်းဖြင့်လည်းကောင်း တက် ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က ယခုသင်တန်း သည် စာရင်းပညာဖြင့် အသက် မွေးဝမ်းကျောင်း ပြုမည့်သူများ အတွက် အခြေခံကောင်းများရရှိ စေမည်သာမက စာရင်းပညာရှင် (လက်မှတ်ရပြည်သူ့စာရင်းကိုင်- CPA) အဖြစ် ဆက်လက်လျှောက် လှမ်းနိုင်မည့် သင်တန်းတစ်ခု လည်း ဖြစ်ပါကြောင်း၊ သို့ပါ၍ သင်တန်းသားများ အနေဖြင့် သင်ကြား ပို့ချပေးမှုများကို လက်တွေ့ဘဝ အသက်မွေးမှုတွင် ပြန်လည်အသုံးချနိုင်ရန် အတွက် အလေးထားလေ့လာ မှတ်သားကြ ရန်၊ တန်ဖိုးရှိသည့်အချိန်ကို အကျိုး ရှိစွာအသုံးချကြရန် လိုအပ်ပါ ကြောင်း၊ သင်တန်းစည်းကမ်းများ ကို လေးစားလိုက်နာပြီး မဆုတ် မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် လေ့လာသင်ယူကြ၍ မိမိတို့၏ ရည်မှန်းချက် ပန်းတိုင်များသို့ တက်လှမ်းနိုင်သူများ ဖြစ်စေရေး ကြိုးစား ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင် နှင့်စာရင်းစစ် သင်တန်းကျောင်း၊ နေပြည်တော် သင်တန်းကျောင်း တာဝန်ခံက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်း ပြောကြားသည်။

သင်တန်းကို နေပြည်တော် သင်တန်းကျောင်းတွင် ဝန်ကြီးဌာန အသီးသီးမှ သင်တန်းသား ၆၄ ဦး နှင့် ရန်ကုန်သင်တန်းကျောင်းတွင် သင်တန်းသား ၄၃ ဦး စုစုပေါင်း သင်တန်းသား ၁၀၇ ဦးတို့ကို ဘာသာရပ်ခြောက်ခုဖြင့် ၁၀ လ ကြာ တစ်ပြိုင်တည်းဖွင့်လှစ် သင်ကြား မည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

# တိုင်းရင်းဆေးပညာ လေ့ကျင့်သင်ကြားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

တိုင်းရင်းဆေးပညာ လေ့ကျင့်သင်ကြားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ယနေ့ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုတွင် တိုင်းရင်းဆေး ပညာကဏ္ဍသည် ကြီးကြီးမားမားရှိနေဆဲဖြစ်ကြောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်အနေဖြင့် မြန်မာတိုင်းရင်း ဆေးများ၊ ကုထုံးများတိမ်ကောပျောက်ပျက်မှုမရှိ အောင်၊ ရေရှည်တည်တံ့အောင် ခေတ်နှင့်အညီ သိပ္ပံ နည်းကျ ခါတ်ခွဲစမ်းသပ်မှုများ၊ သုတေသနပြုမှုများဖြင့် တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယနေ့ကျင်းပမည့် ဆွေးနွေးပွဲတွင် ရလဒ်အခြေပြု သင်ရိုးညွှန်းတမ်း ဖြစ်ထွန်းလာစေရေး၊ ပညာရေး ဝန်းကျင်ကောင်းရရှိရန်လိုအပ်သော စာသင်ခန်း၊ စာကြည့်တိုက်၊ သုတေသနဓာတ်ခွဲခန်း၊ အိုင်တီ အထောက်အကူနှင့် တိုင်းရင်းဆေးဥယျာဉ်ဖွံ့ဖြိုးရေး၊ နိုင်ငံတကာနှင့်ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာဘွဲ့၊ ဒီဂရီများနှင့် ပတ်သက်၍ အရည်အသွေးအာမခံမှုနှင့် အသိအမှတ် ပြုမှုရရှိရေးတို့ကို စနစ်တကျ ဆွေးနွေးအဖြေရှာ ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်း ဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်အသင်း၊ တိုင်းရင်းဆေး တက္ကသိုလ်နှင့်နှီးနွှယ်တက္ကသိုလ်များမှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။




ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးမြို့ (ခုတင်-၃၀၀)ဆံ့သင်ကြားရေးဆေးရုံကြီး အစည်းအဝေး ခန်းမ၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီး ဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးပြည်သူ့ဆေးရုံကြီး နှင့် (ခုတင်-၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီးတို့မှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/အထူးကု ဆရာဝန် ကြီးများ၊ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ နှင့်တွေ့ဆုံ၍ လူနာများလက်ခံကုသနိုင်ရေး ဆေးဝါး လိုအပ်ချက် အပါအဝင် ပြင်ဆင်ဆောင်ရွက်ကြရန်နှင့် ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက် ကြရန်မှာကြားပြီး ဝမ်းပျက်၊ ဝမ်းလျှောရောဂါ လူနာ ဆောင်သို့ သွားရောက်ကာ လူနာများ ဆေးကုသနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ် - မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄) ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြမည်

**နေပြည်တော် နိုဝင်ဘာ ၅**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်ပြီး ဝန်ကြီးဌာနခြောက်ခုမှ ဝန်ထမ်းများစုဖွဲ့၍ တက်ရောက်ကြမည်ဖြစ်ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးမှသည် ပိုမိုတိုးတက်အောင်မြင်မည့် နွေးထွေးသည့် တရုတ်-မြန်မာဆက်ဆံရေး Video Clip ကို ပြသသည်။

**စိတ်ဓာတ်မွေးမြူကြစေလို**

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ယခုမိမိဦးစီးပြီး တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေးအတွက် စုစုပေါင်းအင်အား ၄၈ ဦး သွားရောက်ကြမည်ဖြစ်ရာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးအတွက် အထောက်အကူပြုမည်ဖြစ်၍ ဂုဏ်ယူဖွယ်ရာဖြစ်ပါကြောင်း၊ အဖွဲ့ဝင်များအနေဖြင့် ခရီးစဉ်စတင်သည်မှ ပြန်လည် ရောက်ရှိသည်အထိ မိမိတို့၏ အစဉ်အလာရှိပြီးဖြစ်သော မြတ်နိုးဖွယ်မြန်မာ့ယဉ်ကျေးမှုကိုပြသမည်၊ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်သွားမည် ဆိုသည့် စိတ်ဓာတ် မွေးမြူကြစေလိုပါကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံ ပြည်သူများအကြား ရင်းနှီးချစ်ကြည်မှုနှင့် နားလည်မှုများ မြှင့်တင်နိုင်ရန်၊ ယဉ်ကျေးမှုဖလှယ်နိုင်ရန်၊ ထူးခြားကြွယ်ဝသည့် ခရီးသွားလုပ်ငန်း အရင်းအမြစ်များကို မြှင့်တင်နိုင်ရန် ယခုကဲ့သို့ အခမ်းအနားများ ကျင်းပ၍ ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေးများကို မြှင့်တင်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများအကြားတွင် ကူးလူးဆက်ဆံဖလှယ်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်နက်ရှိုင်းမှုများ ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့၊ ဝန်ကြီးဌာနခြောက်ခုမှ ဝန်ထမ်းများက မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်၏ ပုဂံနှင့်တွေ့ဆုံခြင်း အခမ်းအနားတို့တွင် ကပြဖျော်ဖြေတင်ဆက်ကြမည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "မှုံရွှေရည်" ယိမ်းအက၊ "စံတော်ချိန်" တီးလုံးအကနှင့် "မလေးလက်ခတ်သံ" တေးသီချင်းသရုပ်ဖော်အကတို့ဖြင့် လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင် ဝန်ထမ်းများက "ပုဂံ"အက၊ "ရုပ်သေးကြိုးဆွဲ"၊ "ကမျိုးစုံစွာပတ်မဆစ်တစ်ရာ" ယိမ်းအကနှင့် "လှမ်းခဲ့ပေါ့မန္တလာမြေ" ယိမ်းအကတို့ဖြင့် လည်းကောင်း ဝတ်စုံပြည့်ဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ကြသည်။(အပေါ်ပုံ)



**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ခရီးစဉ်တွင်ဆွေးနွေးပြောကြားရမည့်အချက်များ၊ ဖျော်ဖြေတင်ဆက်ရမည့် အချက်များနှင့် ခင်းကျင်းပြသရမည့် အချက်များကို အသေးစိတ် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် (၄)ကြိမ်မြောက် တရုတ်-မြန်မာ Twin City မီဒီယာဖိုရမ်၏ ပုဂံနှင့်တွေ့ဆုံခြင်း အခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ခင်းကျင်းပြသမည့် မြန်မာ့ရိုးရာယွန်းထည်များနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ခင်းကျင်းပြသမည့် ခရီးသွားရှုခင်း ဓာတ်ပုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ စီစဉ်ကျင်းပမည့် ၂၀၂၄ ခုနှစ် တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်း ၄၁ ဦးနှင့် ပြင်ပမီဒီယာနှင့်အဖွဲ့အစည်းများမှ ခုနစ်ဦး စုစုပေါင်း ၄၈ ဦးတို့ ပါဝင် တက်ရောက်ကြမည်ဖြစ်သည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ယင်းအစီအစဉ်တွင် ၂၀၂၄ အွန်လိုင်း New Media မွမ်းမံသင်တန်း၊ တရုတ်-မြန်မာ စိုက်ပျိုးရေး အရည်အသွေးသစ် ကုန်ထုတ်စွမ်းအင် တီဗွီအစီအစဉ် အတူတကွ ဖန်တီးရေး၊ မီဒီယာများနှင့် သတင်းကဏ္ဍ ၂၀၂၅ ခုနှစ် ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်-မြန်မာ နိုင်ငံတကာ ပြန်ကြားရေးနှင့် ဘာသာပြန်အလုပ်ရုံ ပထမအသုတ် ဂန္ထဝင်စာပေများ အပြန်အလှန် ဘာသာပြန်ဆိုထုတ်ဝေရေး၊ တရုတ်-မြန်မာ ခရီးသွားထွက်ကုန် မိတ်ဆက်ခြင်း၊ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးသဘောတူညီချက်များကို လက်မှတ်ရေးထိုးဆောင်ရွက်ကြမည့်အပြင် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အဖြစ် မြန်မာ့ရိုးရာအကအလှနှင့် ရုပ်သေးအကတို့ဖြင့် တင်ဆက်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ရာ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ နားလည် သဘောပေါက်မှုများ ပိုမိုတိုးမြှင့်စေပြီး နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း ပိုမိုတိုးတက် ခိုင်မြဲစေရန် အကောင်အထည်ဖော်ဆောင်ရွက်ကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သုခဒဂုံပြည်သူ့အငှားအိမ်ရာစီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တာဝန်ပေးအပ်ထားသော လုပ်ငန်းများကို စီမံချက်ပါအတိုင်း အချိန်မီပြီးစီးစေရေး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးပြည့်မီစေရေးနှင့် လက်ရာလက်သားကောင်းမွန်စေရေး၊ နေထိုင်ရေးအခက်အခဲရှိသည့် ပြည်သူများလက်ဝယ်သို့ အိမ်ခန်းများ အမြန်ချထားနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်မှ ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာမှူးကြီး ဒေါ်ခင်သီသီက အိမ်ရာစီမံကိန်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က သုခဒဂုံ ပြည်သူ့အငှားအိမ်ရာ အိမ်ခန်းနေရာချထားမှု၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းမှ တာဝန်ရှိသူတစ်ဦးက စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအပ်နှံနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းသက်နိုင်မိုးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များနှင့် လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

သုခဒဂုံ ပြည်သူ့အငှားအိမ်ရာသည် နေရေးအခက်အခဲရှိသူများကို သက်သာသော အိမ်ခန်းငှားရမ်းခ နှုန်းထားများဖြင့် နေထိုင်နိုင်ရေးအတွက် ရည်ရွယ်၍ နိုင်ငံတော်မှ စနစ်တကျ တည်ဆောက်ပေးထားခြင်းဖြစ်ပြီး အိမ်ရာများတွင် နေရေးအခက်အခဲရှိသည့် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများနှင့် အများပြည်သူများ နေထိုင်နိုင်ရေးအတွက် အိမ်ခန်းနေရာများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်-၃၉ ယာဉ်ရပ်နားစခန်းတွင် Qingdao CRRC Sifang Rolling Co.,Ltd. က ဆောင်ရွက်လျက်ရှိသည့် EV Charging Station ကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၁၁၅ ယာဉ်ရပ်နားစခန်းတွင် Yar Zar Min Industry Co.,Ltd.၊ Mandalar Min Trading & Transportation Co.,Ltd. နှင့် N.P.K Motors Co.,Ltd. တို့က ဆောင်ရွက်လျက်ရှိသည့် EV Charging Station ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ညီတူညီမျှရှိရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ACMECS ၏ နှစ်(၂၀) ပြည့်လွန်ကာလမှသည်

ကေအောင်(မဟာဝိဇ္ဇာ)

တစ်နေ့က နေ့စဉ်ထုတ် သတင်းစာတစ်စောင်တွင် ဘာသာပြန်ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရ၏။ BRICS အဖွဲ့အစည်းနှင့်ပတ်သက်၍ ရေးထားသည့်စာဖြစ်၏။ ဒီမတိုင်ခင်က စာရေးသူအနေဖြင့် အဆိုပါ BRICS အကြောင်း အနည်းငယ်အရိပ်အမြွက်သာ သိထားခဲ့သည်။ အဆိုပါ ဘာသာပြန်ဆောင်းပါးဖတ်ပြီးမှ ထိုအဖွဲ့ကြီး၏ အနေအထားနှင့် အရေးပါမှုကို ပိုမိုနားလည်ခဲ့ရသည်။ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိကနိုင်ငံများဖြင့် ဖွဲ့စည်းထားသော အဆိုပါအဖွဲ့ကြီး၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကြံဆောင်ရန်ဖြစ်ကြောင်း မှတ်သားရသည်။ အဆိုပါရည်ရွယ်ချက်ကောင်းမွန်မှုကြောင့်ပင် အဖွဲ့ဝင်အဖြစ် ပါဝင်လိုသည့်နိုင်ငံများ ရှိနေကြသည်။ တစ်ဖက်မှာလည်း မင်းသားကြီးမလုပ်ရသဖြင့် ပတ်မကြီးထိုးဖောက်ချင်နေသော နိုင်ငံများက BRICS ၏ တိုးတက်ဖြစ်ထွန်းလာမှုသည် သူတို့ကိုများ နှောင့်ယှက်ထိပါးလာမလားဟူသော သံသယဖြင့် ရှုမြင်နေကြသည်။ ထိုဆောင်းပါးကို အသေးစိတ်ဖတ်ပြီးသော် စာရေးသူ ဖျတ်ခနဲ သတိရမိသည်က BRICS နှင့်မခြား ဦးတည်ချက်ချင်းတူညီမှုရှိသည့် စာရေးသူတို့နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးထားသော ဒေသတွင်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် ဧရာဝတီ–ကျောက်ဖရား– မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ( Ayeyawady– Chao Phraya – Mekong Economic Cooperation Strategy– ACMECS) အကြောင်းကိုလည်း အများပြည်သူသိရှိနိုင်စေရန် မျှဝေလိုပါသည်။

**ဆယ်စုနှစ် နှစ်ခုကို လွန်ခဲ့ပြီ**

ယနေ့ဆိုလျှင် အဆိုပါ ဧရာဝတီ–ကျောက်ဖရား– မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (Ayeyawady– Chao Phraya – Mekong Economic Cooperation Strategy– ACMECS) ၏သက်တမ်းမှာ ဆယ်စုနှစ် နှစ်ခုကို လွန်ခဲ့ပြီဖြစ်သည်။ ထိုင်းနိုင်ငံတွင် ၂၀၀၃ ခုနှစ် ဧပြီလ ၂၉ ရက်နေ့၌ ပြုလုပ်ခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတစ်ခုတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် Thaksin Shinawatra က ဒေသခွဲအတွင်း စီးပွားရေးကွာဟချက်များ ကျဉ်းမြောင်းစေရန်နှင့် စဉ်ဆက်မပြတ် တိုးတက်စေရန်အတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာတစ်ရပ် ထူထောင်ရေးအဆိုပြုတင်သွင်းခဲ့မှုအပေါ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့က သဘောတူလက်ခံခဲ့ကြသည်။ အဆိုပါ သဘောတူညီချက်အရ ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ ACMECS ၏ ထိပ်သီးအစည်းအဝေးကို ကျင်းပကာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် ပုဂံကြေညာချက်စာတမ်း (Bagan Declaration)ကို ထုတ်ပြန်ကြေညာ၍ ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (Ayeyawady– Chao Phraya – Mekong Economic Cooperation Strategy– ACMECS) ကို စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။

ACMECS ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ မဲခေါင်ဒေသတွင်းနိုင်ငံများ၏ နယ်စပ်ဒေသများတွင် စီးပွားရေးဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းတိုးမြှင့်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အခွင့်အလမ်း ပိုမိုကောင်းမွန်သည့်ဒေသများသို့ ပြောင်းရွှေ့ရာ၌ အထောက်အကူဖြစ်စေရန်၊ အဖွဲ့ဝင်နိုင်ငံများအကြား ဝင်ငွေကွာဟမှုကို လျှော့ချနိုင်ရန်နှင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ညီတူညီမျှရှိရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ခေါင်းပုံဖြတ်လိုခြင်းမရှိ၊ အခွင့်အရေး ပိုမိုရယူလိုခြင်းမရှိသော ပွင့်လင်းမြင်သာသည့် စီးပွားရေးဖိတ်ခေါ်ယှဉ်ပြိုင်စေမှုများ အဆိုပါရည်ရွယ်ချက်တွင် ပေါ်လွင်နေသည်ကို တွေ့ရပေသည်။ တစ်နည်းဆိုသော် အပြန်အလှန်လေးစားမှုများကို ရှေ့တန်းတင်သည့် လူသားချင်းစာနာထောက်ထားမှုများကို ACMECS ၏ လုပ်ငန်းစဉ်တိုင်းတွင် တွေ့မြင်ရမည်ဖြစ်သည်။

**ACMECS ၏ ပထမဆုံးမိတ်ဖက်နိုင်ငံများ**

၂၀၀၄ ခုနှစ် မေလ ၁၀ ရက်နေ့တွင် အဖွဲ့ဝင်ငါးနိုင်ငံမြောက်အဖြစ် ဗီယက်နမ်နိုင်ငံ ပါဝင်လာခဲ့သဖြင့် ငါးနိုင်ငံအထိရှိလာခဲ့သည်။ မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာဟု ဆိုသည့်အတိုင်းပင် ပါဝင်ကြသည့်နိုင်ငံများမှာလည်း မဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြသည်။ ထို့နောက် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် ACMECS ၏ ပထမဆုံးမိတ်ဖက်နိုင်ငံများ ဖြစ်လာကြသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သော ယင်းမိတ်ဖက်နိုင်ငံများနှင့် ACMECS ကြား Inaugural အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတွင် ပူးတွဲဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်(Joint Development Plan) များကို အတည်ပြုသတ်မှတ်ရန် ဆွေးနွေးခဲ့ကြသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်သည့် အထက်ပါ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတွင်လည်း ACMECS နှင့် မိတ်ဖက်နိုင်ငံများအကြား ပူးတွဲဖွံ့ဖြိုးတိုးတက်မှုစီမံချက် (Joint Development Plan–JDP) ခြောက်ခုကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ပါသည်။ ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) နှင့်ပတ်သက်၍ ACMECS ထိပ်သီးအစည်းအဝေး (ACMECS Summit)၊ ACMECS ဝန်ကြီးများအစည်းအဝေး (ACMECS Ministerial Meeting)၊ ACMECS အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (Senior Official's Meeting) နှင့် ACMECS ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းအဝေး (ACMECS Working Group on Trade and Investment Facilitation Meeting –WGTIF) တို့ကို အလှည့်ကျ ကျင်းပပြုလုပ်လျက်ရှိသည်။

**ACMECS ထိပ်သီးအစည်းအဝေး နှစ်နှစ်လျှင် တစ်ကြိမ် အလှည့်ကျ ကျင်းပ**

ACMECS အစည်းအဝေးများနှင့် စပ်လျဉ်း၍ ဗဟုသုတအနေဖြင့် မျှဝေရမည်ဆိုလျှင် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ထိုင်းနိုင်ငံ၌ စတင်ကျင်းပခဲ့သော ပထမဆုံးအကြိမ် ACMECS ဝန်ကြီးများအစည်းအဝေး (ACMECS Ministerial Meeting) ကို လက်ရှိတွင်လည်း နှစ်စဉ်ကျင်းပလျက်ရှိပါသည်။ ACMECS အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ( Senior Official's Meeting) ကို လာအိုနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ကျင်းပနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှစ၍ နှစ်စဉ် နှစ်ကြိမ် သို့မဟုတ် သုံးကြိမ် လိုအပ်ချက်အရ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ ACMECS ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းအဝေး (ACMECS Working Group on Trade and Investment Facilitation Meeting – WGTIF) ကို ထိုင်းနိုင်ငံတွင် ကျင်းပလေ့ရှိပြီး ယင်းအစည်းအဝေးတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးကဏ္ဍနှင့် ပတ်သက်၍ ACMECS လုပ်ငန်းစီမံချက်များ၊ ဘုံစီမံကိန်းများနှင့် နှစ်နိုင်ငံစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စတို့ကို ဆွေးနွေးကြခြင်းဖြစ်သည်။ ACMECS ထိပ်သီးအစည်းအဝေး (ACMECS Summit) ကို နှစ်နှစ်လျှင် တစ်ကြိမ် အလှည့်ကျ ကျင်းပလျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သည်။ ကိုဗစ်–၁၉ ကပ်ရောဂါကာလဖြစ်သောကြောင့် Video Conference ဖြင့်သာ ကျင်းပခဲ့ရခြင်းဖြစ်၏။ ယခု (၁၀)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် တရုတ်နိုင်ငံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၂ သို့ ■




**❝ ယနေ့ကမ္ဘာကြီးသည် အချိန်နှင့်အမျှ တိုးတက်ဖြစ်ထွန်းနေသည်။ ဒေသတွင်း၊ ဒေသအပြင်ဘက် ခင်ရာဆွေမျိုး မြို့ရာဟင်းကောင်းသဖွယ် သက်ဆိုင်ရာအစုအဖွဲ့များဖြင့် စစ်ရေး၊ စီးပွားရေး၊ သဘာဝအရေး၊ စွမ်းအင်အရေး၊ နိုင်ငံရေးအင်အားစုများကို အပြိုင်အဆိုင် တည်ဆောက်လျက်ရှိနေသည်။ မည်သို့ပင် တည်ဆောက်ကြသည်ဖြစ်စေ သူ့ဘက်ကိုယ့်ဘက် အပြန်အလှန်မျှတမှု၊ ဟန်ချက်ညီမှု၊ ရိုးသားမှုရှိကြရန် အရေးကြီးသည်။ လူတစ်ဦးတည်းမင်းမူသော ကမ္ဘာကြီးကို မည်သူကမျှ လိုလားသည်မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံအနေဖြင့် တသီးတခြား ရပ်တည်နေ၍လည်းမရ။ ကမ္ဘာကြီးနှင့် မျက်ခြည်မပြတ်ဖို့လိုသည်။ ထို့ကြောင့် အပေါင်းအသင်းမိတ်ဆွေလိုသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ ❞**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဧရာဝတီတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဝါးခယ်မမြို့နယ် ရွှေလောင်းအခြေခံ ပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ သင်ကြားရေးဆိုင်ရာများနှင့် စီမံမှုဆိုင်ရာများ အရည်အသွေးတိုးတက်ကောင်းမွန် စေရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ထို့မှတစ်ဆင့် ဝါးခယ်မမြို့နယ် ငှက်ပျောစု ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကျုံမငေးမြို့ စက်ရုံ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)၊ ကျုံမငေးမြို့ အခြေခံပညာအထက်တန်း ကျောင်း၊ လမ်းသမိုင်ရွာလေးအခြေခံပညာအထက် တန်းကျောင်း(ခွဲ)၊ ဝါးခယ်မမြို့နယ် တိုးချဲ့မြို့သစ် သံကြိုးတိုင်ရပ်ကွက် အခြေခံပညာမူလတန်းလွန် ကျောင်း၊ ဝါးခယ်မမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာ သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေး သည်။



ထို့နောက် သင်ကြား၊ သင်ယူနေမှုအခြေအနေ များ၊ ကျောင်းနှင့်ဝန်းကျင် ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုအခြေအနေ များ၊ သိပ္ပံလက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေး၍ စာသင်ခန်းအတွင်း ကျောင်းသား ကျောင်းသူများနှင့် ဘာသာရပ်ဆိုင်ရာ သင်ကြားတတ်မြောက်မှုအခြေ အနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် အသိပညာအတတ်ပညာများနှင့်ပြည့်စုံ သည့် နိုင်ငံ့သားကောင်း သမီးကောင်းများ ပေါ်ထွက်လာ အောင် မိမိတို့ဘာသာရပ်အလိုက် ပြုစုပျိုးထောင် သင်ကြားပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ပညာရေးဘွဲ့ ငါးနှစ်သင်တန်းသို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား စိစစ်အတည်ပြုရွေးချယ်

နေပြည်တော် နိုဝင်ဘာ ၅

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၅ ရက်တွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၁၂)သို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား စိစစ် အတည်ပြုရွေးချယ်သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ဘွဲ့နှင်းသဘင် ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ပထမနှစ် သင်တန်းသို့တက်ရောက်မည့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများ ထားရှိမည့် အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ စားရိပ်သာများနှင့် ကျောင်းဝင်းအတွင်း စိုက်ပျိုး/မွေးမြူရေး ဆောင်ရွက်ထားရှိမှုများ ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေ ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့သို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများကို ရွေးချယ်ရာတွင် နယ်စပ် ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၄၅ ကျောင်းမှ တက္ကသိုလ် ဝင်တန်း အောင်မြင်ပြီး သတ်မှတ်အမှတ် ပြည့်မီသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများမှ ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသော တိုင်းရင်းသား တိုင်းရင်းသူများ ကို လူတွေ့စစ်ဆေးအတည်ပြု ရွေးချယ်ခြင်း များ ဆောင်ရွက်ကြသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် သင်တန်း သားရွေးချယ်ရေးဗဟိုကော်မတီက မြန်မာ နိုင်ငံတစ်ဝန်းရှိ ဝေးလံခေါင်းပါးသော နယ်စပ် ဒေသများမှ သင်တန်းသား သင်တန်းသူ ၁၅၁ ဦး အား ပညာရေးဘွဲ့(B.Ed) ငါးနှစ်သင်တန်း အတွက် စိစစ်အတည်ပြုရွေးချယ်ထားသည့် သင်တန်းသား သင်တန်းသူများအား ငါးနှစ် သင်ကြားပေးမည်ဖြစ်ပြီး ကျောင်းဆင်းပြီးချိန် တွင် ပညာရေးဘွဲ့(B.Ed) အပ်နှင်းကာ အထက်တန်းပြ ဆရာ ဆရာမများအဖြစ် ခန့်အပ် တာဝန်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးရသူများအား ဆုချီးမြှင့်

မန္တလေး နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ(အတွင်းဖြေ) ဂုဏ်ထူးဆုရသူများအား ဆုချီးမြှင့်ပွဲအခမ်း အနားကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲက ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရမည်းသင်းခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန် က အဖွင့်အမှာစကားပြောကြားပြီး ရမည်းသင်းခရိုင် ပညာရေးမှူး (တာဝန်ခံ)က ဂုဏ်ထူးဆုချီးမြှင့်ခြင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(အတွင်းဖြေ) ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ရမည်းသင်းမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအောင်အောင်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ(အတွင်းဖြေ)ဂုဏ်ထူး ဖြင့် အောင်မြင်သူ ခြောက်ဘာသာ သုံးဦး၊ ငါးဘာသာ ၁၄ ဦး၊ လေးဘာသာ ၂၁ ဦး၊ သုံးဘာသာ ၂၁ ဦး၊ နှစ်ဘာသာ ၅၉ ဦးနှင့် တစ်ဘာသာ ၁၆၉ ဦး စုစုပေါင်း ၂၈၇ ဦးတို့ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ ကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)



# ဇလွန်မြို့နယ် ကျောင်းစုကျေးရွာ၌ စက်ချုပ်နည်းပညာ မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

ဟင်္သာတ နိုဝင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျောင်းစုကျေးရွာတွင် ဟင်္သာတခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာ မွမ်းမံသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ကျောင်းစုကျေးရွာခန်းမ၌ ကျင်းပသည်။



**အမှာစကားပြောကြား**

အခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ် သည်။ ထို့နောက် ဇလွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက သင်တန်းမှထွက်ရှိသော ကုန်ချောပစ္စည်းများကို သင်တန်းသူများအား ပေးအပ်သည်။

အဆိုပါ စက်ချုပ်နည်းပညာမွမ်းမံသင်တန်းသို့ ဇလွန်မြို့နယ် သရက်တစ်ပင်မြောက်အုပ်စုအတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး ထူးချွန်သူသင်တန်းသား ငါးဦးတို့အား ကိုယ်ပိုင် လုပ်ငန်းထူထောင်နိုင်ရန် အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်း အပြည့်အစုံ ကို ဌာနက ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရ သည်။

ခရိုင်(ပြန်/ဆက်)

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက် လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက် တစ်လမ်းမှ ပါဝင်ဆောင်ရွက်ပေးသည့်အနေဖြင့် ပြန်ကြားရေး ဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့် တိုက်)များသို့ စာအုပ်များပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက် လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ် ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

# MNDAA အကြမ်းဖက်သောင်းကျန်းသူများက နမ့်လန်မြို့နယ်အတွင်းရှိ ကျေးရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ်နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော်　နိုဝင်ဘာ　၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်လန်မြို့နယ် မန်ခိုင်ကျေးရွာနှင့် ပန်ဟိုက်ကျေးရွာတို့ကို MNDAA အကြမ်းဖက်သောင်းကျန်းသူများက ယနေ့မွန်းလွဲပိုင်းတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ MNDAA အကြမ်းဖက်သောင်းကျန်းသူများသည် နမ့်လန်မြို့နယ် မန်ခိုင်ကျေးရွာနှင့် ပန်ဟိုက်ကျေးရွာတို့အတွင်းသို့ ယနေ့မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အသက်ငါးနှစ်နှင့် အသက်ကိုးနှစ်အရွယ် ကလေးငယ်နှစ်ဦး ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်များအား နမ့်လန်မြို့ရှိ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များ သွားရောက်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသည့် မြို့/ရွာများအတွင်း ယခုကဲ့သို့ ဒေသခံပြည်သူများ အသက်အန္တရာယ်ထိခိုက်သေကျေစေရန် ရည်ရွယ်၍ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်မှုသည် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပြီး ဒေသခံပြည်သူများက ၎င်းတို့၏ လုပ်ရပ်များကို ရွံရှာစက်ဆုပ်၍ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation)ကို ပြည်သူများနှင့်ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်များအား တာဝန်ရှိသူများက သွားရောက်အားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်စဉ်။




အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီးမှုများကို တွေ့မြင်ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော်　နိုဝင်ဘာ　၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာလ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Aung Soe Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ညောင်ဖြူကျေးရွာနေ မောင်မောင်လွင်အား ည ၉ နာရီခွဲတွင်လည်းကောင်း၊ "Wai yan min Khant ပဲခူးသား" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်မြို့နယ် သံဘိုကျေးရွာနေ ဇင်မင်းဦး(ခ) ဖိုးသားအား ည ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လုံခြုံရေးတပ်ဖွဲ့ဝင်များက မင်းတပ်မြို့ကို မီးရှို့မှုများ ဆက်တိုက်လုပ်နေကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော်　နိုဝင်ဘာ　၅**

ချင်းပြည်နယ် (တောင်ပိုင်း) မင်းတပ်မြို့ကို နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက မင်းတပ်မြို့ အနောက်ရပ်ကွက် ဆည်မြောင်းရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ လူမနေသည့်အိမ်များကို လိုက်လံမီးရှို့ ဖျက်ဆီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက် မီဒီယာများက မဟုတ်မမှန်သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူ တစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူမနေသည့်အိမ်များကို မီးရှို့၍ ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာ သတင်းတု၊ သတင်းမှားများသာဖြစ်ကြောင်း၊ တရားမဝင်ပြည်ဖျက် မီဒီယာများအနေဖြင့် မင်းတပ်မြို့တွင် နေထိုင်နေကြသည့် ပြည်သူ ပြည်သားများ ကြောက်ရွံ့ ထိတ်လန့်စေရန်နှင့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်မည်ကို မလိုလားသဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော် ဝါဒဖြန့်ဝေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၁၁-၂၀၂၄　ဗုဒ္ဓဟူးနေ့

### MRTV HD

- **၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေါရွှဂ်သုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** ရာဇဝင်ထဲက အမရပူရ(၅) (သတ္တဌာန ဘုရားများ)
- **၀၈:၄၀** လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် 'မနောမြေက Lucky'
- **၀၉:၁၅** ဝါသီးနှံသီးညှပ်စိုက်ပျိုး ဝင်ငွေနှစ်ဆတိုး
- **၁၁:၁၅** ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- **၁၁:၃၅** ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- **၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်သူအနားက ချစ်လိပ်ပြာ'** (အပိုင်း-၂၃)
- **၁၃:၀၅** သီချင်းကြိုးပဒေသာ
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ယုံကြည်ရာလမ်း'** (အပိုင်း-၂၀)
- **၁၅:၃၀** Weekly Soccer Preview
- **၁၆:၄၅** မျိုးဝက်တင့်စေဆိုက ရေးတီးအငွေ
- **၁၇:၁၀** ရွှေသို့ချိုမည် ပန်းတိုင်ဆီ
- **၁၇:၄၀** NEXT LEVEL
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** ပြည်ချစ်သားမွန်တေးသဝဏ်
- **၁၈:၄၅** တန်ဆောင်တိုင်တေးများ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'သုတောင်းပြည် ကြယ်တာရာစတာလာ'** (အပိုင်း-၇)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၁၀** ပြည်ချစ်သားမွန်တေးသဝဏ်
- **၂၁:၂၀** သံစဉ်ချိုမြမြန်မာတေးအလှ
- **၂၁:၃၀** (၂၃)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) (ဝါသနာရှင် (ပထမတန်း)အဆင့်) (နှစ်သိမ့်ဆု) 'ရာမာယဏဇာတ်တော်ကြီး' (ဖျာပုံနန်းတွင်း ရာမာယဏဇာတ်တော်ကြီးအဖွဲ့) (ဧရာဝတီတိုင်းဒေသကြီး) (ဒုတိယပိုင်း)

### mitv

- **07:01** Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
- **07:10** Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-2) The Duet Dance of Kedara Parrot King
- **07:34** Geographic Center of Myanmar
- **07:54** Myanmar Master Class "Still Life" (Fruit)
- **08:01** News
- **08:26** Asia Updates: Beautiful Highland
- **08:33** Ecotourism: The Tourist Attractions of Mingun, Sagaing
- **09:01** Let's venture to a natural wonder
- **09:16** Karunar Kabar Home for the Aged (Nay Pyi Taw)
- **09:36** The Tasty Creator
- **09:52** Myanmar Traditional Snacks: Myanmar Doughnut
- **10:01** News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
သစ်ကြားသီးနှင့်ကျန်းမာရေး

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာများ

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
စိတ်ဝင်စားဖွယ် ဒီးမော့ဆိုတောင်ရိုးရာဓလေ့

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကြက်ထမင်းပေါင်း

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
နှစ်(၁၀၀)ကျော်ရှိပြီးဖြစ်တဲ့ ကရင့်ရိုးရာလုံချည်

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
တောင်ပေါ်မြေမှ ကယန်းတိုင်းရင်းသားတို့ရဲ့ တံခွန်တိုင်ပွဲတော်

**ချင်း (ဖလမ်း) (၁၅:၀၀ မှ ၁၆:၀၀)**
ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၇)

**ချင်း (ဆိုး) (၁၆:၀၀ မှ ၁၇:၀၀)**
လည်ပတ်ချင်စရာ ချုပ်ကျေးရွာ(အပိုင်း-၂)

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ရှေးဟောင်းမွန်ရိုးရာ တူရိယာ

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ထူးခြားရသာ ရခိုင်လျှော်စာ

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ပဒုမ္မာကြာသက်နီး

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၄၅** SPORTS MAX
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လူမိုက်တို့သွားရာလမ်း'**
- **၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- **၁၁:၃၀** ရွှေသို့ချိုမည်…ပန်းတိုင်ဆီ (အပိုင်း-၄၂)

### MRTV FARMERS' / HTV Channel

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၁၅** မြန်မာချစ်တဲ့ မုန့်ဟင်းခါး
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- **၁၈:၂၀** Yoga
- **၁၉:၀၀** Day in the Life of a Small Farm p-1
- **၁၉:၄၅** International Music Hits
- **၂၂:၀၀** ငှါရင်ခွင်ထဲက လိပ်ပြာ (ဇာတ်လမ်း)
- **၂၃:၃၀** Awesome Summer Vegetable Garden Harvest - Zone 6 - Mid August 2023

### MRTV SPORTS / HTV Sports

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက် လမ်းပြကြယ်
- **၀၆:၅၀** Sports Diary
- **၀၇:၄၀** Weekly MNL Review
- **၁၇:၀၀** အားကစားသတင်း
- **၁၈:၀၀** E Sports

Scan Here

MRTV　MRTV　MRTV Radio　MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ အရေးကြီးနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်ရန် အကြမ်းဖက်သမားများလွှတ်တင်ခဲ့သည့် Fixed Wing များအားလုံး ဟန့်တားနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၅**

နေပြည်တော်ကောင်စီ နယ်မြေရှိ အရေးကြီးအဆောက်အအုံများနှင့် နေရာဌာနများအား ဖောက်ခွဲဖျက်ဆီးရန်နှင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ယုတ်မာကောက်ကျစ်သည့် အကြံအစည်များဖြင့် အကြမ်းဖက်သမားများသည် အရှေ့ဘက်အရပ်မှ ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်အတွင်းသို့ ဒေသန္တရလုပ် Fixed Wing အချို့ စမ်းသပ်ပစ်လွှတ်ခြင်းဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ဆောင်နိုင်ရန် ကြံစည်ကြိုးပမ်းလာခဲ့သည်။

ထိုသို့ ကြံစည်ကြိုးပမ်းလာခဲ့မှုအားနေပြည်တော်ကောင်စီနယ်မြေအတွင်း လေကြောင်းလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့်လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် ကြိုတင်ထောက်လှမ်းသိရှိခဲ့ရပြီး အဆိုပါ Fixed Wing များအားလုံးကို လက်ဦးမှုရယူ ဟန့်တားနိုင်ခဲ့သဖြင့် Fixed Wing သုံးစင်းသည်လမ်းခရီးတွင် ပျက်ကျပျက်စီးခဲ့သည်။

ထိုသို့လေကြောင်းရန်ကာကွယ်ရေးစနစ်များ၏ ပစ်ချဟန့်တားမှုကြောင့် Fixed Wing များ ပျက်စီးကျရောက်မှုများကို ဒေသခံပြည်သူများက သတင်းပေးပို့လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူ အန္တရာယ်မဖြစ်စေရေးအတွက် လိုအပ်သည့်ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာအနီး တစ်စင်း၊ ကြံခင်းစုကျေးရွာအနီး တစ်စင်းနှင့် နန္ဒင်းအိုင်ကျေးရွာအနီး တစ်စင်းတို့အား ဗုံးသီးများနှင့်အတူ ရှာဖွေတွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပြီး ပြည်သူများ အန္တရာယ်မဖြစ်စေရေး ဗုံးသီးများအား စနစ်တကျဖောက်ခွဲ ဖျက်ဆီးခဲ့ကြောင်းနှင့် Fixed Wing များ စတင်ပစ်လွှတ်သည့် နေရာများကို နည်းပညာ အကူအညီဖြင့် ဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါနေရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်များတွင် လူနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှု မရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**









နေပြည်တော်ကောင်စီနယ်မြေရှိ အရေးကြီးနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်ရန် အကြမ်းဖက်သမားများ လွှတ်တင်ခဲ့သည့် Fixed Wing များအားလုံး ဟန့်တားနိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။

## ပင်းတယမြို့နယ် သမဝါယမအသင်းစု အမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

**ပင်းတယ နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ခြင်းကို မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌက ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများတင်ပြခြင်း၊ နှစ်ချုပ်စစ်ဆေးချက်အစီရင်ခံစာများ၊ ဘဏ္ဍာရေးရှင်းတမ်းများဖတ်ကြားခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အတည်ပြုချက်များရယူသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်သစ်များကို အများဆန္ဒနှင့်အညီ စနစ်တကျရွေးချယ်၍ အတည်ပြုချက်ရယူခြင်း၊ ကတိသစ္စာခံယူခြင်းတို့ ဆောင်ရွက်ကာ ရွေးချယ်တင်မြှောက်သည်။

အစည်းအဝေးတွင် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက အမှုဆောင်အသစ်များနှင့် အသင်းဝင်ကိုယ်စားလှယ်များအား ရှုရှားမြေဩဇာ အသုံးပြုပုံနည်းစနစ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၆၀ | ၃၁၃၅ | ၃၀၉၀ | ၃၁၆၅ | ၃၁၇၅ | ၃၁၉၀ | ၃၁၄၅ | ၄၄၀၅ | ၃၃၀၀ | ၃၁၅၀ | ၃၁၆၅ | ၃၂၀၀ | ၃၁၈၅ | ၃၂၀၀ | ၃၆၀၅ | ၄၁၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၅ | ၄၄၅၅ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၀၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၉၅ | ၂၆၇၀ | ၂၆၂၅ | ၂၆၉၅ | ၂၇၃၀ | ၂၇၂၀ | ၂၆၇၅ | - | ၂၈၃၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၃၀ | ၂၇၂၀ | ၂၇၃၀ | ၃၁၃၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | ၄၇၂၀ | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | - | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၂၂ | ၃၀၁၄ |
| 95 Ron | ၃၁၂၅ | ၃၂၂၁ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၃၀၉၇ | ၃၁၈၈ |
| HSD (10 ppm) | ၃၀၉၇ | ၃၁၈၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မြစ်သားမြို့နယ်၌ လူငယ်များကို စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးပြီး မထမ်းဆောင်လိုပါက ငွေကြေးဖြင့် ပြန်ရွေးခိုင်းကြောင်း သတင်းတု၊ သတင်းမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၅**

မန္တလေး တိုင်းဒေသကြီး မြစ်သားမြို့နယ် ရိုးကန်ကျေးရွာနှင့် ရစ်ကန်ကျေးရွာတို့မှ လူငယ်လေးဦးတို့ကို နိုဝင်ဘာ ၂ ရက်က စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်း၊ ထို့နောက် အဆိုပါလူငယ်များကို စစ်မှုမထမ်းဆောင်လိုပါက ငွေကျပ်သိန်း ၅၀ ဖြင့် ပြန်ရွေးယူရန် မိသားစုများထံ အကြောင်းကြားသည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းသည် သတင်းအမှားသာ ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ အသီးသီးဖွဲ့စည်းထားရှိပြီး သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီသာ လိုက်နာကျင့်သုံးလျက်ရှိကြောင်း၊ မသမာသူအချို့နှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းမှားသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း




ဒိုးပတ်အတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဗိုလ်ထွားနှင့်အဖွဲ့ ဤသို့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ခဲ့ကြသည်။




ဒုံမင်းအတီးပြိုင်ပွဲ ဝါသနာရှင်ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ကရင်ပြည်နယ်မှ ဦးမျိုးစန်း "ဇမ္ဗူတောင်ညာ" (ပတ်ပျိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဒုံမင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်လင်းလက်အောင် "ဇေယျာမြို့"(ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မနွေးနွေးထက် "ကျွန်းကျွန်းပိုင်သ" (ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။




ဒုံမင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မနေနီနီနိုင် "ရွှေမင်းဂံ" (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဇော် "မင်္ဂလာသီရိ" (ဘွဲ့)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဂီတာအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုပူးတွဲရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မဂျူးဂျူးအောင် "ဝေဘာဂီရိ"(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။







ဒုံမင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မဆုစန္ဒီထွန်း "ဖေယျာမြို့"(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

ဒုံမင်းအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မဖြူမာစန်း "တောဟေဝန်လယ်" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။







ဒုံမင်းအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်သူဟိန်း "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

တယောအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပူးတွဲပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မသွန်းရွှေရည်လင်း "ရွှေပြည်ကြီးဇရော" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။






စောင်းအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆု ပူးတွဲရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဒေါ်တင်နီလာဝင်း "ဇမ္ဗူကျွန်းလုံး"(သီချင်းခံ) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။

ပတ္တလားအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မမိုးပြည့်ပြည့်နိုင် "မှိုင်းရိပ်ကယ်တည့်" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု၏ အရေးပါမှုနှင့် အခန်းကဏ္ဍ

ရွှေသင် (MPP)

**ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုဆိုသည်မှာ**

"ပြည်သူ့ရေးရာစီမံအုပ်ချုပ်ရေး" ဝေါဟာရကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ပြည်သူလူထု ( Public ) နှင့် စီမံအုပ်ချုပ်ရေး( Administration)ဟူ၍ တွေ့ရပြီး ပြည်သူလူထုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်း နေထိုင်ကြသော လူအများကို ဆိုလိုသည်။ Administration စကားလုံးသည် လက်တင်ဝေါဟာရ "ad ministare" မှ ဆင်းသက်လာပြီး အမှုဆောင်ရန်၊ စေခိုင်းမှုကိုလုပ်ဆောင်ရန် သို့မဟုတ် စီမံပေးရန်ဟူ၍ အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု ( Public Administration) ဆိုသည်မှာ ပြည်သူလူထု၏ အရေးကိစ္စများနှင့်ပတ်သက်၍ အမှုဆောင်ပေးရန်၊ စီမံခန့်ခွဲလုပ်ဆောင်ပေးရန် ဖြစ်သည်ဟု ဆိုရပေမည်။

**"ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု" အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုးနှင့် အယူအဆများ**

နိုင်ငံတစ်ခု၏ နယ်နိမိတ်အတွင်း နေထိုင်ကြသောအများပြည်သူလူထု၏ အရေးကိစ္စအမျိုးမျိုးနှင့် သက်ဆိုင်သောကြောင့် ကျယ်ပြန့်လွန်းသည့် နယ်ပယ်ဖြစ်သဖြင့် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စာကြောင်းတစ်ကြောင်းတည်းဖြင့် ဖော်ပြရန်မဖြစ်နိုင်သည်ဟု ဆိုကြသည်။ သို့သော် ပညာရှင်မဟုတ်သော သာမန်ပြည်သူများအတွက်မူ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုဆိုသည်မှာ ပြည်သူ့ရေးရာဝန်ဆောင်မှုများကို စီမံခန့်ခွဲပေးခြင်းဖြစ်သည်ဟု သဘောပေါက်ထားကြသည်။ အိန္ဒိယနိုင်ငံတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဌာန ပါမောက္ခတစ်ဦးဖြစ်ခဲ့ဖူးသူ Mrs. Ramki Basu က ၎င်း၏ Public Administration : Concepts and Theories စာအုပ်ထဲ၌ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု (Public Administration) သည် အစိုးရယန္တရား အဆင့်အသီးသီး၌ တည်ရှိသော ပြည်သူလူထု၏ အကျိုးစီးပွားနှင့်သက်ဆိုင်သည့် မည်သို့သော အုပ်ချုပ်ရေးအမျိုးအစားပင်ဖြစ်စေ Public Administration ဖြစ်သည်ဟု ရေးသားဖော်ပြထားသည်။

အချို့သောသုတေသီများကမူ ပြည်သူ့ရေးရာမူဝါဒ(Public Policy)ဆိုင်ရာ ဖြည့်ဆည်းမှုအတွက် အစိုးရလုပ်ဆောင်မှုများအားလုံးသည် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုဖြစ်သည်ဟု ပိုမိုကျယ်ပြန့်သော အမြင်ဖြင့် ပုံဖော်ကြသည်။ အချို့ကလည်း အစိုးရ၏ အုပ်ချုပ်ရေးကဏ္ဍနှင့်သာ သက်ဆိုင်သည့် လုပ်ဆောင်ချက်များဟု ယူဆလျက် ကျဉ်းမြောင်းသောရှုထောင့်ဖြင့် ဖော်ပြကြသည်။ လူသိများ ထင်ရှားသောတွေးခေါ်ပညာရှင်အချို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို လေ့လာရာတွင် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုသည် ၎င်းတို့ အလေးထားသောရှုထောင့်များအပေါ်မူတည်၍ ကွဲပြားခြားနားသော အယူအဆများရှိနေကြောင်း ထင်ဟပ်ပေါ်လွင်နေသည်။

အယ်လ်ဒီဝှိုက် (LD White:1955) က ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုတွင် ပြည်သူ့ရေးရာမူဝါဒများကို လိုက်နာလုပ်ဆောင်စေခြင်း သို့မဟုတ် ရည်ရွယ်ချက် ဖြည့်ဆည်းမှုအတွက် လုပ်ဆောင်ရသည့် လုပ်ငန်းတာဝန်များအားလုံး ပါဝင်သည်ဟု လေ့လာတွေ့ရှိထားသည်ဟုဆိုသည်။ ဝုဒရိုးဝီလ်ဆင် (Woodrow Wilson:1889) အရမူ ဥပဒေကို "ပြည်သူ့အုပ်ချုပ်ရေးသည် ဥပဒေများကို အသေးစိတ် စနစ်တကျအသုံးချခြင်းဖြစ်သည်"ဟု ယူဆသည်။ ဥပဒေတစ်ရပ်ကို သီးခြားကျင့်သုံးမှုတိုင်းသည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ဆောင်ချက်ဖြစ်သည်ဟုလည်း ဆိုသည်။ အမ်အီးဒီမော့ခ် (M. E. Dimock) ရေးသားဖော်ပြချက်အရ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုသည် အရေးယူဆောင်ရွက်ရသည့်ဥပဒေ စသည်ဖြင့် စွမ်းဆောင်ရည်ရှိသော အာဏာပိုင်များက ကြေညာထားသည့်အတိုင်း ပြည်သူ့ရေးရာမူဝါဒကို လိုက်နာလုပ်ဆောင်စေခြင်း သို့မဟုတ် အများပြည်သူ စိတ်ကျေနပ်မှုပြည့်စုံစေရန် ဖြည့်ဆည်းခြင်းဖြစ်သည်။ တစ်နည်းဆိုသော် အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာကဏ္ဍကို ဆိုလိုသည်ဟု ယူဆထားသည်။

ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု လုပ်ငန်းသည် အုပ်ချုပ်ရေးကဏ္ဍလုပ်ဆောင်မှုများ သို့မဟုတ် အုပ်ချုပ်ရေးနယ်ပယ်ခွဲ လုပ်ဆောင်မှုများနှင့် ထပ်တူကျကြောင်း ဖွင့်ဆိုရှင်းပြသည့် ဆိုင်မွန် (Simon) ကဲ့သို့ စာရေးဆရာများလည်းရှိသည်။ ဂျေအမ်ဖစ်နာ (J .M. Pfiffner:1946) ကဲ့သို့ တွေးခေါ်ပညာရှင်များမှာမူ ပေါင်းစည်းလုပ်ဆောင်သည့် အခန်းကဏ္ဍကို ပို၍အလေးပေးကြသည်။ ၎င်း၏ အမြင်တွင် ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များရောက်ရှိစေရေးအတွက် အတူတကွလုပ်ဆောင်နိုင်ရန်အလို့ငှာ ပြည်သူလူထု၏ အားထုတ်မှုကို အဆက်အစပ်၊ အချိတ်အဆက်မိမိ ပေါင်းစည်းပေးခြင်းဖြင့် အစိုးရ၏ လုပ်ငန်းတာဝန်များ ပြီးမြောက်စေခြင်းဖြစ်သည်ဟု ဆို၏။

**အက်ဖ် အေ နီဂရိုး (F.A Nigro:1970)၏ အမြင်**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာတက္ကသိုလ် နိုင်ငံရေးသိပ္ပံဌာန၌ ဂုဏ်ထူးဆောင်ပါမောက္ခတာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အက်ဖ် အေ နီဂရိုး (F.A Nigro) ၏အမြင်သည် ဖော်ပြခဲ့သော အမြင်များထက် ပိုမိုပြည့်စုံသည်ဟု ဆိုကြသည်။ (၎င်းသည် Public Administration နယ်ပယ်ကို ကနဦးလေ့လာဖော်ထုတ်ခဲ့သူတစ်ဦးဖြစ်ပြီး သက်ဆိုင်သည့် ဆောင်းပါး၊ စာအုပ်များစွာ ရေးသားခဲ့သူလည်းဖြစ်ပြီး ၂၀၀၃ ခုနှစ် အသက် ၉၃ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။ ၎င်းက ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုလုပ်ငန်းများသည် ရှေ့တွင် ဖော်ပြထားသော လုပ်ငန်းရပ်များသာမက နိုင်ငံရေး၊ လူမှုရေးစနစ်များနှင့် ဆက်နွယ်ပတ်သက်နေသည့်ကိစ္စများအားလုံး ပါဝင်သည်ဟု ဆိုသည်။) နီဂရိုးက ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုကို အများပြည်သူဆိုင်ရာ အခင်းအကျင်းတစ်ခုတွင် ပေါင်းစည်းလုပ်ကိုင်နေသည့် အုပ်စုလိုက်အားထုတ်မှုဟု လည်းကောင်း၊ စီမံခန့်ခွဲမှု၊ ဥပဒေပြုမှုနှင့် တရားစီရင်ရေးကိစ္စရပ်များ လွှမ်းခြုံပါဝင်ပြီး ထိုနယ်ပယ်သုံးရပ်နှင့် ဆက်စပ်မှုရှိသည့်အခြေအနေဟု လည်းကောင်း၊ ပြည်သူ့ရေးရာမူဝါဒများချမှတ်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပြီး နိုင်ငံရေးဖြစ်စဉ်၏ တစ်စိတ်တစ်ပိုင်းဟူ၍ လည်းကောင်း ဖော်ပြထားသေးသည်။

> ❝ **ခေတ်မီလာသော ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုနယ်ပယ်အတွင်း၌ လုပ်ငန်းတာဝန်များသည် တဖြည်းဖြည်း ပို၍ပို၍ များပြားလာနေသည်။ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ ဘဏ္ဍာငွေကြေးကောက်ခံခြင်းများ၊ လုံခြုံရေးတာဝန်များအပြင် အများပြည်သူနှင့်သက်ဆိုင်သည့် ဥပဒေရေးရာကိစ္စများ လုပ်ဆောင်ပေးခြင်း၊ အမျိုးမျိုးသော ပြည်သူ့ရေးရာဝန်ဆောင်မှုများ ဖြည့်ဆည်းပံ့ပိုးပေးမှုများလည်း ပါဝင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံ လူ့အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုသည် အဓိကကျသော ကိရိယာဖြစ်လာသည်။ ဆိုရှယ်လစ်စနစ်ကျင့်သုံးသည့်နိုင်ငံများတွင် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုနယ်ပယ်သည် နိုင်ငံသားအားလုံး၏ စားဝတ်နေရေး၊ ပညာရေးမှစ၍ နောက်ဆုံး အပန်းဖြေနားနေမှုများအထိ ဘဝအခြေအနေအားလုံးနှင့် အကျုံးဝင်ပတ်သက်နေသည်။ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသည့်နိုင်ငံများတွင်လည်း ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရေးအတွက် အရေးကြီးသည့်ယန္တရားဖြစ်** ❞

**ဂါရေး ကေဒန် (Gerald Caiden)၏အမြင်**

ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု ပညာရပ်၏ သတ်မှတ်ချက်၊ လွှမ်းခြုံမှုနယ်ပယ် အကျယ်အဝန်းများကို လေ့လာဖော်ထုတ်ခဲ့ကြသော ပညာရှင်၊ သုတေသီများအနက် Gerald Caiden သည်လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။ ၎င်းသည် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုနှင့် ဆက်စပ်မှုရှိသော စာအုပ်၊ စာတမ်း၊ ဆောင်းပါးများစွာ ရေးသားခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် Australia National University ၌ ညွှန့်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၁၉၉၄-၂၀၀၄ ကာလများ၌ ကုလသမဂ္ဂ၌ Public Administration နှင့် Development နယ်ပယ်ကျွမ်းကျင်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ Gerald Caiden က ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုသည် အောက်ပါနယ်ပယ်များနှင့်သက်ဆိုင်မှုရှိကြောင်း ဖော်ထုတ်ထားခဲ့သည်။

(၁) အစိုးရ၏ နိုင်ငံရေးမူဝါဒများကို လိုက်နာအကောင်အထည်ဖော်ရခြင်း၊

(၂) နိုင်ငံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊

(၃) အစိုးရ၏ လူမှုစီးပွားရေးပြုပြင်ပြောင်းလဲမှုများကို တည်ငြိမ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းပံ့ပိုးပေးခြင်း၊

(၄) ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ဝန်ဆောင်မှုများကို စီမံကြီးကြပ်ပေးခြင်း၊

(၅) နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် နယ်ပယ်အသီးသီးရှိ အကောင်အထည်ဖော်မည့် ကိစ္စများကို ဆောင်ရွက်ပေးခြင်း၊

(၆) လူ့အဖွဲ့အစည်းအတွင်းရှိထိခိုက်လွယ်သော အုပ်စုများအတွက် ကာကွယ်စောင့်ရှောက်မှုပေးခြင်း၊

(၇) အများပြည်သူ၏ သဘောထားဆန္ဒများကို တောင်းခံရန်လိုအပ်သည့်အခါ ဆောင်ရွက်ပေးရခြင်း၊

(၈) အစိုးရကချမှတ်ထားသော ပြည်သူ့ရေးရာမူဝါဒများနှင့် နိုင်ငံရေးအရ လားရာအခြေအနေများ ပြည်သူလူထုအကြား လွှမ်းမိုးမှုရှိစေရန် ဆောင်ရွက်ပေးရခြင်းတို့ဖြစ်သည်ဟု ဆိုသည်။

**အားလုံးနှင့် ရင်းနှီးကျွမ်းဝင်လာသည့် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု**

ယနေ့အချိန်တွင် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုပညာဆိုသည်မှာ နိုင်ငံတစ်နိုင်ငံကို တာဝန်ယူစီမံအုပ်ချုပ်နေသည့် အစိုးရတစ်ရပ်၏ စီမံခန့်ခွဲမှု၊ စီမံအုပ်ချုပ်မှုဖြစ်သည်ဟု ယေဘုယျ သဘောပေါက်နေကြပြီဖြစ်သည်။ ခေတ်မီလာသော ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုနယ်ပယ်အတွင်း၌ လုပ်ငန်းတာဝန်များသည် တဖြည်းဖြည်း ပို၍ပို၍ များပြားလာနေသည်။ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ ဘဏ္ဍာငွေကြေးကောက်ခံခြင်းများ၊ လုံခြုံရေးတာဝန်များအပြင် အများပြည်သူနှင့်သက်ဆိုင်သည့် ဥပဒေရေးရာကိစ္စများ လုပ်ဆောင်ပေးခြင်း၊ အမျိုးမျိုးသော ပြည်သူ့ရေးရာဝန်ဆောင်မှုများ ဖြည့်ဆည်းပံ့ပိုးပေးမှုများလည်း ပါဝင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံ လူ့အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုသည် အဓိကကျသော ကိရိယာဖြစ်လာသည်။ ဆိုရှယ်လစ်စနစ် ကျင့်သုံးသည့်နိုင်ငံများတွင် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုနယ်ပယ်သည် နိုင်ငံသားအားလုံး၏ စားဝတ်နေရေး၊ ပညာရေးမှစ၍ နောက်ဆုံး အပန်းဖြေနားနေမှုများအထိ ဘဝအခြေအနေအားလုံးနှင့် အကျုံးဝင်ပတ်သက်နေသည်။ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသည့်နိုင်ငံများတွင်လည်း ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရေးအတွက် အရေးကြီးသည့်ယန္တရား ဖြစ်လာသည်။

ထို့ကြောင့် မည်သည့်စနစ်ပင် ပြောင်းလဲကျင့်သုံးလာစေကာမူ လူ့အဖွဲ့အစည်းအတွင်း အကြောင်းအရာ မျိုးစုံရှုပ်ထွေးဆက်နွယ်လာမှု၊ ဖောက်ချအထူးပြု လုပ်ကိုင်မှုများနှင့် ကွဲပြားခြားနားမှုများ ယခင်ကထက် ပိုမိုများပြားလာမှုနှင့်အတူ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု၏ နယ်ပယ်နှင့် အရေးပါမှုသည်လည်း ပို၍ကြီးမားလာခဲ့သည်။ တိုးတက်လာသော သိပ္ပံနှင့် နည်းပညာအပါအဝင် နယ်ပယ်မျိုးစုံ ပြောင်းလဲလာသောအခြေအနေများကြောင့် နိုင်ငံအစိုးရများသည် နိုင်ငံ့သူ နိုင်ငံသား ပြည်သူလူထု၏ မျှော်လင့်ချက်များ ယခင်ကထက် ပိုမိုမြင့်မားလာမှုကို ရင်ဆိုင်နေကြရသည်။ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု လုပ်ငန်းတာဝန်များသည်လည်း စွမ်းဆောင်ရည်မြင့်မားရေး၊ တန်းတူညီမျှမှုဖြစ်စေရေး၊ လျင်မြန်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအကြောင်းများဖြင့် များပြားလာခဲ့သည်။ နိုင်ငံကို တာဝန်ယူစီမံခန့်ခွဲ အုပ်ချုပ်နေရသည့် အစိုးရများ၏ အခန်းကဏ္ဍသည်လည်း ပိုမိုကြီးမားလာနေပြီး ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု အခန်းကဏ္ဍသည်လည်း ယခင်ကာလများကထက် ပိုမိုကြီးမားလာခဲ့ကြသည်။ ထို့အတူ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုပညာကိုလည်း ယခင်ကာလများထက် ပိုမိုလေ့လာလိုက်စားမှုများ ရှိနေကြပြီဖြစ်သည်။

**မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ ခေတ်ပညာတတ်လူငယ်များ**

နိုင်ငံ့ဝန်ထမ်းများကလည်း ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုပညာကို စိတ်ဝင်စားမှု ပိုမိုများပြားလာသဖြင့် မုံရွာစီးပွားရေးတက္ကသိုလ်က ၂၀၀၀ ပြည့်နှစ်မှစ၍ Master of Public Administration (MPA) ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုပညာ မဟာဘွဲ့သင်တန်းကို ဖွင့်လှစ်ပေးလျက် ပညာရပ်ပိုမိုကျယ်ပြန့်စွာ အသုံးချနိုင်စေရေးအတွက် ကြိုးစားလုပ်ဆောင်လျက်ရှိသည်။ ယနေ့အချိန်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် သမဝါယမနှင့် စီမံခန့်ခွဲပညာတက္ကသိုလ် (စစ်ကိုင်း) တို့တွင်လည်း ဖွင့်လှစ်လျက်ရှိနေပြီဖြစ်သည်။

**ကျယ်ပြန့်လာသော ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု**

အကျဉ်းချုပ်ဆိုရလျှင် ကျယ်ပြန့်လှသောပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုနယ်ပယ်တွင် အောက်ပါနယ်ပယ်များ၊

**စာမျက်နှာ ၁၉ သို့** ✳

# ပြည်သူ့ဆေးရုံများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ




နေပြည်တော် နိုဝင်ဘာ ၅

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနက ကျင်းပသည့် ပြည်သူ့ဆေးရုံများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ (Hospital Development Symposium) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အရှိန်အဟုန်မပြတ်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ တိုးတက်ကောင်းမွန်ရေး အစဉ်အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုအတွင်း ကူးစက်ရောဂါများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ် ရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ၊ ပုံမှန်ကာကွယ်ဆေးထိုးဆေးတိုက် လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက် ရှိသကဲ့သို့ ရောဂါများဖြစ်ပွားလာပါကလည်း အချိန်မီ ထိရောက်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေး နိုင်ရေးအတွက် ပြည်သူ့ဆေးရုံများကို စွမ်းအားပြည့် လုပ်ငန်းလည်ပတ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါ ကြောင်း။

အထူးသဖြင့် ကင်ဆာရောဂါကုသမှုလုပ်ငန်းနှင့် ပတ်သက်၍ ဓာတ်ရောင်ခြည်ကုထုံးများဖြင့် ကုသမှု ပေးနိုင်ရန်အတွက် လိုအပ်သော ကင်ဆာဓာတ်ရောင် ခြည်စက်ကြီးများအား နိုင်ငံတော်အစီအစဉ်ဖြင့် တိုးမြှင့်တပ်ဆင်ပေးလျက်ရှိရာ မကြာမီ လုပ်ငန်းများ စတင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူ့ ဆေးရုံများတွင် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းအသစ် များအား တိုးချဲ့တပ်ဆင်နိုင်ရေး၊ ဆေးရုံအဆောက် အအုံများ တိုးချဲ့တည်ဆောက်နိုင်ရေး၊ ဆေးဝါးများ၊ ရောဂါရှာဖွေရေးလုပ်ငန်းများ တိုးမြှင့်ထောက်ပံ့နိုင် ရေး စသည်တို့အတွက် နှစ်စဉ် နိုင်ငံတော်က ရန်ပုံငွေ များ တိုးမြှင့်ချထားပေးလျက်ရှိပါကြောင်း။

ပြည်သူ့ဆေးရုံများအနေဖြင့် လူနာများကုန်ကျ စရိတ်နည်းပါးစွာဖြင့် ဆေးကုသမှုခံယူနိုင်ရေး၊ နိုင်ငံ တော်က ခွဲဝေချထားပေးသော ရန်ပုံငွေများကို ပြည်သူလူထုအတွက် အကျိုးရှိစွာသုံးစွဲရေး၊ ကျန်းမာ ရေးဝန်ဆောင်မှုလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက် နိုင်ရေး၊ လူနာများ ဘေးကင်းလုံခြုံရေးနှင့် စိတ်ကျေနပ်မှုရရှိစေရေး၊ ပြည်သူ့အတွက် ပြည်သူ့ ဆေးရုံများ ဖြစ်လာစေရေး နည်းလမ်းပေါင်းစုံဖြင့် ကြံဆဆောင်ရွက်ကြစေလိုကြောင်း ပြောကြား သည်။

အဆိုပါ ပြည်သူ့ဆေးရုံများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ (Hospital Development Symposium) ကို နိုဝင်ဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ် သည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနများမှ ဖိတ်ကြားထားသူများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**

# ပြည်တွင်းသုံးငွေစက္ကူများ သစ်လွင်သန့်ရှင်းမှုရှိစေရေးနှင့် ငွေစက္ကူကိုင်တွယ်ဆောင်ရွက်မှုအခြေအနေများ ဆွေးနွေးပွဲကျင်းပ




နေပြည်တော် နိုဝင်ဘာ ၅

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှု ဌာနကြီး က ပြည်တွင်းသုံးငွေစက္ကူများ သစ်လွင် သန့်ရှင်းမှုရှိစေရေးနှင့် ငွေစက္ကူကိုင်တွယ်ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာ နိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိ ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင်၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြား ဘဏ်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ တော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေပုဒ်မ ၄၀(င)အရ ပြည်တွင်း သုံးငွေကိုတစ်ဦးတည်းထုတ်ဝေသူ အဖြစ် ဆောင်ရွက်ခြင်းနှင့် စီမံ ခန့်ခွဲခြင်းတို့ကို ဆောင်ရွက်လျက် ရှိရာ ပြည်သူလူထုအနေဖြင့် သန့်ရှင်းကောင်းမွန်ပြီး လုံခြုံရေး အဆင့်အတန်း မြင့်မားသော ငွေစက္ကူများ ကိုင်တွယ်သုံးစွဲနိုင် ရေးကို အဓိကဦးတည်ချက်ထား လျက် မူဝါဒတစ်ရပ်အနေဖြင့် ချမှတ် ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ နိုင်ငံအတွင်း ဟောင်းနွမ်း စုတ်ပြဲနှင့် ချွတ်ယွင်းငွေစက္ကူများ လျော့နည်းပပျောက်စေရေးနှင့် ပြည်သူများအကြား ငွေစက္ကူ ကိုင်တွယ်အသုံးပြုမှုပုံစံ မှန်ကန် ပြီး အလွယ်တကူမပျက်စီးစေရေး အတွက် အသိပညာပေးဆောင်ရွက် ရာတွင် အများပြည်သူနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံရသော ဘဏ်များ ၏အခန်းကဏ္ဍသည် များစွာ အရေးကြီးသဖြင့် ဘဏ်များ၏ တာဝန်ရှိသူများကို ယခုကဲ့သို့ ဖိတ်ခေါ် ရှင်းလင်းဆွေးနွေးရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာန ကြီး ညွှန်ကြားရေးမှူးချုပ်က အများပြည်သူ ကိုင်တွယ်သုံးစွဲငွေ များတွင် သစ်လွင်သန့်ရှင်း ကောင်းမွန်သော ငွေစက္ကူများကို လည်ပတ်သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ချက်များ၊ ဘဏ်များမှ ဗဟိုဘဏ်သို့ ဘဏ္ဍာငွေများ ပြန်လည်ပေးပို့ရာတွင် လိုက်နာ ဆောင်ရွက်ရန်အချက်များ၊ ငွေစက္ကူ ၏ ပုံသဏ္ဌာန်ကို ပျက်ယွင်းစေခြင်း ဆိုင်ရာကိစ္စရပ်များ၊ ငွေစက္ကူ များကို အကျိုးအမြတ်ရယူ၍ ရောင်းဝယ်ဖောက်ကားခြင်းအား တားမြစ်ချက်များ၊ ငွေစက္ကူအတု နှင့်ပတ်သက်၍ စဉ်ဆက်မပြတ် သတိပြုလျက် ကာကွယ်ဆောင် ရွက်ရန်အချက်များ၊ MIS မှ တစ်ဆင့် စာရင်းများပြုစုပေးပို့ခြင်း၊ ဒစ်ဂျစ်တယ်ငွေပေးချေမှု ဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်နေမှုများ နှင့် ဘဏ်များမှ အထူးအလေး ဂရုပြု ပူးပေါင်းပါဝင်ဆောင်ရွက် ပေးစေလိုသော အချက်များကို ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

ပြင်ဦးလွင် နိုဝင်ဘာ ၅

( ၁၆ ) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည် နေ့ အထိမ်းအမှတ် ပြင်ဦးလွင်ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

သွေးလှူဒါန်းပွဲတွင် သွေးလှူရှင်ဝန်ထမ်းများက သွေးပုလင်းပေါင်း ၁၉ လုံး ပါဝင်လှူဒါန်းခဲ့ကြပြီး သွေးလှူဒါန်းရာသို့ ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊ ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်နှင့် ဝန်ထမ်းများ၊ ခုတင် (၃၀၀) ဆံ့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိနှင့် ဆရာဝန်/သူနာပြုများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင် များ စုစုပေါင်းအင်အား ၄၅ ဦး တက်ရောက်အားပေးခဲ့ပြီး သွေးလှူရှင် ဝန်ထမ်းများအား တာဝန်ရှိသူများက အာဟာရဖြည့် ကြက်ဥ၊ ငှက်ပျော သီး၊ အားဆေးနှင့် ဓာတ်ဆားများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရ သည်။

**ခရိုင်(ပြန်/ဆက်)**



✳ စာမျက်နှာ ၁၈ မှ

လုပ်ဆောင်ချက်များနှင့် ပတ်သက်နေသည်ဟု လက်ခံရပေမည်။

- ပြည်သူ့ရေးရာမူဝါဒများကို ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ (Formulation and implementation of public policies)
- အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်ခြင်း၊ (Being the excutive branch of government)
- အုပ်ချုပ်ရေးယန္တရားနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းမှုများနှင့် သက်ဆိုင်ခြင်း၊ (Organizational structures and machinery of administration )
- အုပ်ချုပ်ရေးလုပ်ငန်းစဉ်များနှင့် သက်ဆိုင်ခြင်း၊ (administrative processes)
- ဗျူရိုကရေစီယန္တရားနှင့် လုပ်ဆောင်မှုများ နှင့် သက်ဆိုင်ခြင်း၊ (Bureaucracy and its activities)
- အုပ်စုလုပ်ဆောင်ချက်များ သို့မဟုတ် လူမှုရေးအရ ဆက်ဆံမှုများ ညှိနှိုင်းဆောင်ရွက်မှုများနှင့် သက်ဆိုင်ခြင်း၊
- အဖွဲ့အစည်းများနှင့် ၎င်းတို့၏ဝန်းကျင်ကြား အပြန်အလှန် ဆက်စပ်မှုများနှင့်သက်ဆိုင်ခြင်း၊

**နိဂုံး**

ယနေ့ကမ္ဘာတွင် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု နယ်ပယ်သည် ယခင်ကာလများထက် ပိုမို ကျယ်ပြန့်လာသကဲ့သို့ မြန်မာ့လူ့အဖွဲ့အစည်းထဲ တွင်လည်း နိုင်ငံ့အစိုးရဌာနများက ပြည်သူလူထု၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းဆောင်ရွက်ပေးကြ ရသည့် ပြည်သူ့ရေးရာကိစ္စရပ်များ တစ်နေ့တခြား ပိုမိုများပြားလာလျက်ရှိနေပြီဖြစ်သည်။ ထိုကဲ့သို့ အခြေအနေတွင် ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သည် "ပြည်သူကိုဗဟိုပြုသည့် ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေး" မျှော်မှန်း ချက်ထားလျက် ဌာနဝန်ထမ်းများကို စိတ်ဓာတ် ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှု၊ သစ္စာစောင့်သိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှုဟူသော စံ(၅) ရပ်ဖြင့် ပြုစုပျိုးထောင်ကာ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး ရည်မှန်းချက် များဆီသို့ မဖိတ်မသုန် ချီတက်လျက်ရှိနေပါ ကြောင်း ဖော်ညွှန်းဂုဏ်ပြုရေးသားလိုက်ရပေ သတည်း။ ။

# မြန်မာနိုင်ငံနှင့် ရာသီဥတုပြောင်းလဲမှုခြေရာများ

ဒေါက်တာမေခင်ချော
(မိုး/ဇလ)


(ယမန်နေ့မှအဆက်)

တိုင်ဖွန်းမုန်တိုင်း "ရာဂီ" ၏ အကြွင်းအကျန်လေပွေလှိုင်းသည် မြန်မာနိုင်ငံအတွင်းသို့ လေပွေလှိုင်းအဆင့်ဖြင့် သုံးရက်ခန့် ကြာမြင့်စွာ ဖြတ်ကျော်ခဲ့ရာ ဖြတ်ကျော်ဝင်ရောက်နေသည့် ၉-၉-၂၀၂၄ ရက်နေ့မှ ၁၂-၉-၂၀၂၄ ရက်နေ့အတွင်း မိုးကြီးခြင်းများ ဖြစ်ပေါ်ခဲ့ကာ မိုးရေချိန် စံချိန်သစ်တင်ခြင်းများကို ၁၅ ကြိမ်တိုင်တိုင် တိုင်းတာရရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း "ရာဂီ" ၏ အကြွင်းအကျန် လေပွေလှိုင်းများ ဖြတ်သန်းနေစဉ်ကာလအတွင်း တောင်ကျချောင်းရေများ အရှိန်အဟုန်ပြင်းစွာ စီးဆင်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ နှစ်ပေါင်း ၈၀ ကျော်အတွင်း မကြုံစဖူး ခံစားခဲ့ရခြင်းကြောင့် လူပေါင်း ၅၂၀ သေဆုံး၊ ပျောက်ဆုံးခဲ့ပြီး ကဏ္ဍပေါင်းစုံတွင် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

**(ဃ) ရာသီဥတုပြောင်းလဲမှုနှင့် မုန်တိုင်းများအခြေအနေ**

**မုန်တိုင်းအကြိမ်ရေ လျော့နည်းလာမှု။** ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများဖြစ်ပေါ်ခြင်းသည် မြန်မာနိုင်ငံအတွက် ကောင်းကျိုး၊ ဆိုးကျိုး ဒွန်တွဲနေလေ့ရှိပါသည်။ မိုးကြိုကာလ မုန်တိုင်းဖြစ်လျှင် မုတ်သုံကို အဝင်စောစေပြီး မုတ်သုံကာလအတွင်း မုန်တိုင်းဖြစ်ခဲ့လျှင် မုတ်သုံအင်အားကောင်းစေကာ မိုးပိုရစေပါသည်။ မြန်မာ့ကမ်းရိုးတန်းကို တည့်တည့်ဖြတ်ပြီဆိုပါက ပျက်စီးဆုံးရှုံးမှုများကို ဖြစ်စေတတ်သည်။ ၁၈၉၁-၂၀၂၀ အတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းအရေအတွက် စုစုပေါင်း ၁၂၂၇ ကြိမ် ဖြစ်ပွားခဲ့သည့်အနက် ၁၈၉၁-၁၉၇၀ ကာလနှင့် ၁၉၇၁-၂၀၂၀ ကာလတို့ကို ခွဲခြားလေ့လာကြည့်လျှင် ရာသီဥတုပြောင်းလဲမှုနှင့်အတူ မုန်တိုင်းအရေအတွက် လျော့နည်းလာနေသည်ကို သိသာထင်ရှားစွာ တွေ့မြင်ရပါသည်။

လွန်ခဲ့သည့် ၁၈၉၁-၁၉၇၀ ကာလတွင် ဘင်္ဂလားပင်လယ်အော်၌ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် မုန်တိုင်း ၁၁ ကြိမ်ခန့် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းကာလများဖြစ်သော ၁၉၇၁-၂၀၂၀ အတွင်းတွင် တစ်နှစ်ပျမ်းမျှအားဖြင့် မုန်တိုင်း ခုနစ်ကြိမ်ခန့်သာ ဖြစ်ပွားမှုရှိတော့ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တစ်နှစ်တွင် ပျမ်းမျှအားဖြင့် မုန်တိုင်း လေးကြိမ်ခန့် လျော့နည်းသွားသည်ကို တွေ့ရှိရပါသည်။








နေပြည်တော်ပြည်ထောင်စုနယ်မြေ အနီးဝန်းကျင်ဒေသများတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့ ရေလွှမ်းမိုးမှုအခြေပြမြေပုံနှင့် ရေကြီးမှုကြောင့် ကျေးရွာများနှင့် လူနေအိမ်ခြေများ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

**မုန်တိုင်းပြင်းအားတိုးလာမှု။** မုန်တိုင်းအကြိမ်ရေ နည်းသွားသော်လည်း မုန်တိုင်းဖြစ်ပေါ်ပြီး မြန်မာ့ကမ်းရိုးတန်းသို့ ဖြတ်ကျော်ဝင်ရောက်ပြီဆိုပါကလည်း အင်အားကြီး မုန်တိုင်းများအဖြစ်သို့ ရောက်ရှိတတ်ကြောင်း၊ ၂၀၀၆ ခုနှစ် "မာလာ"မုန်တိုင်း၊ ၂၀၀၇ ခုနှစ် "အာကရ်" မုန်တိုင်း၊ ၂၀၀၈ ခုနှစ် "နာဂစ်"မုန်တိုင်း၊ ၂၀၁၁ ခုနှစ် "ဂီရိ" မုန်တိုင်း၊ ၂၀၂၃ ခုနှစ် "မိုခါ"မုန်တိုင်းများက သာဓကအဖြစ် ညွှန်ပြလျက်ရှိပါသည်။

**မုန်တိုင်းအစပျိုးရာနေရာ၊ ဖြစ်ပွားသည့် အချိန်နှင့် မုန်တိုင်းလမ်းကြောင်းများ သွေဖည်လာမှု။** ၂၀၂၂ ခုနှစ်က ဖြစ်ပွားခဲ့သည့် အားကောင်းသော မုန်တိုင်းငယ် (02B/2022) သည် မုန်တိုင်းအဖြစ်နည်းသော ကပ္ပလီပင်လယ်ပြင်မှ အစပျိုးခဲ့ခြင်း၊ မုန်တိုင်းလုံးဝမဖြစ်ဖူးသော မတ်လတွင်ဖြစ်ပွားခြင်း စသည့် ထူးခြားချက်များ တွေ့ရှိလာရပါသည်။ ထို့ပြင် ၂၀၂၂ ခုနှစ် မေလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် မုန်တိုင်းစတင်ဖြစ်ပွားလေ့မရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ ကမ်းခြေနှင့် အလွန်နီးကပ်စွာ စတင်အစပျိုးဖြစ်ပေါ်ခဲ့ပြီး အချိန်တိုအတွင်း မွန်ပြည်နယ်အတွင်းသို့ ဖြတ်ကျော် ဝင်ရောက်ခဲ့ပါသည်။

အဆိုပါ မုန်တိုင်းငယ်သည် မုန်တိုင်းစတင်ဖြစ်ပွားလေ့မရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့ကာ မုန်တိုင်းဝင်ရောက်လေ့မရှိသော မွန်ပြည်နယ်အတွင်းသို့ ဝင်ရောက်ခဲ့သည့် တစ်ခုတည်းသော ထူးခြားသည့် မုန်တိုင်းငယ်တစ်ခု ဖြစ်ခဲ့ပါသည်။ အလားတူပင် ၁၉၈၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သော "ဂွ" မုန်တိုင်းနှင့် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော "နာဂစ်" မုန်တိုင်းတို့၏ မုန်တိုင်းလမ်းကြောင်းကို လေ့လာကြည့်လျှင်လည်း ပုံမှန်မုန်တိုင်းလမ်းကြောင်းများနှင့်သွေဖည်၍ လတ္တီကျူနိမ့်သော ဧရာဝတီတိုင်းဒေသကြီး အနီးမှလည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

**အနာဂတ်မြန်မာ့ရာသီဥတု ပြောင်းလဲနိုင်မှုအလားအလာများ**

အနာဂတ်ကာလများတွင် ရာသီဥတုမည်ကဲ့သို့ ပြောင်းလဲနိုင်မည်ဆိုသည့် ခန့်မှန်းချက်ကို သိရှိမှသာ အဆိုပါ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ နေထိုင်နိုင်မည့်နည်းလမ်းများ၊ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်မည့်နည်းလမ်းများကို စီမံချက်များ ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကာဗွန်ထုတ်လုပ်မှု တွက်ချက်သည့်လမ်းကြောင်း (Representative Concentration Pathway- RCP) RCP 4.5 နှင့် RCP 8.5 တို့ဖြင့် တွက်ထုတ်ထားသော နောင်လာမည့် မြန်မာနိုင်ငံ၏ အနာဂတ်ကာလများအတွက် ရွာကျမှုဖြစ်စဉ်များ ပြောင်းလဲနိုင်မှု ရာခိုင်နှုန်းနှင့် အမြင့်ဆုံးအပူချိန် မြင့်တက်လာနိုင်မှု အလားအလာတို့ကို ဇယား-၂ အတိုင်း ဖော်ပြအပ်ပါသည်။

ဇယား-၂။ မြန်မာနိုင်ငံအတွက် RCP 4.5 နှင့် RCP 8.5 တို့ ဖြင့် တွက်ထုတ်ချက်ရရှိသော ပြောင်းလဲလာနိုင်သည့် ရာသီဥတုအခြေအနေများ

| စဉ် | အကြောင်းအရာ | ၂၀၅၀ ပြည့်နှစ် | | ၂၁၀၀ ပြည့်နှစ် | |
|---|---|---|---|---|---|
| | | RCP 4.5 | RCP 8.5 | RCP 4.5 | RCP 8.5 |
| ၁။ | ရွာကျမှုဖြစ်စဉ် တိုးလာနိုင်မှု(%) | ၁-၄ % | ၂-၆ % | ၂-၇ % | ၅-၁၇ % |
| ၂။ | နေ့အပူချိန် (C ) တိုးလာနိုင်မှု | ၀.၉-၁.၁(°C) | ၁.၁-၁.၄(°C) | ၁.၄-၁.၇(°C) | ၃.၅-၄.၃(°C) |

ရာသီဥတု ပြောင်းလဲခြင်းသည် တစ်ကမ္ဘာလုံးရှိ လူသားများအား ခြောက်လှန့်နေသော စိန်ခေါ်မှု တစ်ရပ်ပင် ဖြစ်ပါသည်။ ယနေ့ ကမ္ဘာတစ်ဝန်းလုံးတွင် ရာသီဥတုမျှတစေရေးအတွက် ပြုမူဆောင်ရွက်မှုများ၊ ကျွမ်းကျင်မှုနည်းပညာများဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးများကို ဆောင်ရွက်နေကြသော်လည်း လေထုအတွင်းရောက်ရှိနေပြီဖြစ်သော ဖန်လုံအိမ်ဓာတ်ငွေ့များကြောင့် ထိခိုက်မှုဆိုးကျိုးများကို တစ်ကမ္ဘာလုံး ဆက်လက်ခံစားနေရဦးမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါအချက်များအရ ရာသီဥတုပြောင်းလဲနေခြင်းကြောင့် မြန်မာနိုင်ငံတွင် ထိခိုက်မှုဆိုးကျိုးများကို လက်ရှိတွင် ခံစားနေရသကဲ့သို့ အနာဂတ်တွင်လည်း ဆက်လက်ဖြစ်ပေါ် ခံစားနေရဦးမည်ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံ၏ အရေးကြီးကဏ္ဍများတွင် ပျက်စီးဆုံးရှုံးလွယ်သည့် အခြေအနေများကို လျှော့ချရန်၊ လိုက်လျောညီထွေ ပြုမူနေထိုင် ဆောင်ရွက်နိုင်ရန်၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊ ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်သော အစီအမံများကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အစွန်းရောက်ဖြစ်စဉ်များ ပေါ်ပေါက်လာပါကလည်း တရားမဝင်သတင်းဌာနများနှင့် Social Media များမှ ခိုင်မာမှုမရှိသော ထုတ်လွှင့်ချက်များအပေါ် နားယောင်မှုမပြုဘဲ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသော ကြိုတင်သတိပေးချက်များကို ဂရုပြုနားထောင်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုများကို သဘာဝဘေးအန္တရာယ်အသွယ်သွယ်မှ ဘေးကင်းလုံခြုံနိုင်စေရေးအတွက် လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**❛ လွန်ခဲ့သည့် ၁၈၉၁-၁၉၇၀ ကာလတွင် ဘင်္ဂလားပင်လယ်အော်၌ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် မုန်တိုင်း ၁၁ ကြိမ်ခန့် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းကာလများဖြစ်သော ၁၉၇၁-၂၀၂၀ အတွင်းတွင် တစ်နှစ်ပျမ်းမျှအားဖြင့် မုန်တိုင်း ခုနစ်ကြိမ်ခန့်သာ ဖြစ်ပွားမှုရှိတော့ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တစ်နှစ်တွင် ပျမ်းမျှအားဖြင့် မုန်တိုင်းလေးကြိမ်ခန့် လျော့နည်းသွားသည်ကို တွေ့ရှိရ ❜**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၅**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးစဉ် ဒုတိယဝန်ကြီးက တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဝင်များ၊ တည်းခိုရေးစခန်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားနည်းပြများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ဒိုင်/ဂျူရီများ တည်းခိုနေထိုင်မည့် နေရာများကို ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်ဖြစ်စေရေး ဆပ်ကော်မတီဝင်များအားလုံးက ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်များက တည်းခိုနေထိုင်ရေး၊ ဧည့်ခံကျွေးမွေးရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားနည်းပြများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ဒိုင်/ဂျူရီများအတွက် ဧည့်ခံကျွေးမွေးမည့်နေရာများ၊ တည်းခိုနေထိုင်မည့် အိပ်ခန်းများနှင့် တည်းခိုဆောင်များကို ကြည့်ရှုစစ်ဆေးပြီး အိပ်ဆောင်များတွင် လိုအပ်သော ပရိဘောဂပစ္စည်းများ ဖြည့်တင်းနိုင်ရေး၊ ရေ၊ မီး၊ မိလ္လာစနစ် ကောင်းမွန်အောင် ဆောင်ရွက်ရေးနှင့် အိပ်ဆောင်အတွင်း၊ အပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

**○ အာဆီယံမှ**

မြန်မာအသင်းအတွက် ဂိုးများကို ငြိမ်းမင်းစိုးက သုံးဂိုး၊ နိုင်လင်းထွန်းကျော်နှင့် ထွဋ်ဝေထွန်းတို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။

အုပ်စုစတုတ္ထနေ့အပြီးတွင် အုပ်စု (A)၌ ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့က သုံးပွဲစီကစား ကိုးမှတ်ဖြင့် ဆီမီးဖိုင်နယ်တက်ရောက်သွားပြီး မလေးရှားအသင်းနှင့် တီမောအသင်းတို့က သုံးပွဲကစား သုံးမှတ်စီရရှိကာ ဘရူနိုင်းအသင်းက ပွဲကုန်လေးပွဲကစား အမှတ်မရရှိခဲ့ပေ။ အုပ်စု (B) တွင် အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မြန်မာအသင်းက နှစ်ပွဲကစား လေးမှတ်၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား တစ်မှတ်၊ ကမ္ဘောဒီးယားအသင်းက နှစ်ပွဲကစား အမှတ်မရသေးပေ။

အုပ်စုနောက်ဆုံးနေ့ကို နိုဝင်ဘာ ၆ ရက် (ယနေ့) တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် နံနက် ၁၀ နာရီတွင် ဖိလစ်ပိုင်အသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် တီမောအသင်းနှင့် မလေးရှားအသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

---

**❂ နာကျင်အချိန်ပိုမှ**

အဲဒီပွဲစဉ်မှာ ဘရန်းဖို့ဒ်အသင်းက ပထမပိုင်းပွဲကစားချိန် ၂၄ မိနစ်မှာ သွင်းယူခဲ့တဲ့ ဗီတာလီဂျနဲလ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးရရှိခဲ့ကာ သာမန်ပွဲကစားချိန်မိနစ် ၉၀ အထိ ဖူလ်ဟမ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ဖူလ်ဟမ်အသင်းဟာ ချေပဂိုး ပြန်လည်ရရှိရေးအတွက် အိုင်ဝိုဘီ၊ ကင်နီတီတီနဲ့ ပါရဲရာတို့ အကြိတ်အနယ်ကြိုးစားခဲ့ပေမယ့် ပွဲကစားချိန် ၈၂ မိနစ်မှာ နယ်ဆင်ရဲ့နေရာမှာ ဟယ်ရီဝီလ်ဆင် အစားထိုးဝင်ရောက်လာပြီးမှ ဖူလ်ဟမ်အသင်း ချေပဂိုးနဲ့ အနိုင်ဂိုးတွေ ပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီဝီလ်ဆင်ဟာ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို နှစ်မိနစ်မှာ တစ်ဂိုးနဲ့ ခုနစ်မိနစ်မှာတစ်ဂိုးသွင်းယူပေးခဲ့တာကြောင့် ဖူလ်ဟမ်အသင်းအနေနဲ့ အရှုံးရလဒ်ကနေ အနိုင်ရလဒ်ကို ပြောင်းလဲနိုင်ခဲ့ကာ အိမ်ကွင်းမှာ သုံးမှတ်အပြည့်ရရှိခဲ့တာဖြစ်ပါတယ်။

ဖူလ်ဟမ်အသင်းဟာ ဘရန်းဖို့ဒ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ငါးပွဲမှာ ပထမဆုံးနိုင်ပွဲရရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၉)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဘရန်းဖို့ဒ်အသင်းကတော့ လက်ရှိပရီမီယာလိဂ်ပွဲစဉ် ၁၀ အပြီးမှာ မန်ယူအသင်းရဲ့အထက် အဆင့်(၁၂)နေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

---

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ နေပြည်တော်ကိုယ်စားပြုယှဉ်ပြိုင်မည့် အားကစားသမားများအား ပဲနို့ရည်စက်နှင့်ဆက်စပ်ပစ္စည်းများ လှူဒါန်း

**ပျဉ်းမနား နိုဝင်ဘာ ၅**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားခန်းမ၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ နေပြည်တော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအား ငွေဇင်ယော် အုတ်စက်ရုံမှ ပဲနို့ရည်စက်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ နေပြည်တော်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးက နေပြည်တော်အနေဖြင့် အားကစားနည်း ၃၃ မျိုးကို အင်အား ၄၄၉ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောင်နိုင်ရေးအတွက်လည်း အဘက်ဘက်မှ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေကာ အားကစားသမားများ စခန်းသွင်းလေ့ကျင့်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့် ပင်ပင်ပန်းပန်း ကြိုးစားလေ့ကျင့်နေရသည့် အချိန်ဖြစ်သည့်အတွက် ကုန်ခန်းသွားသည့် အင်အားများကို ပြန်လည်ဖြည့်ဆည်းနိုင်ရန် အတွက်



ကျန်းမာရေးနှင့် ညီညွတ်သည့် အာဟာရဖြည့်ပဲနို့ရည်များ သောက်သုံးနိုင်ရန် ပဲနို့ရည်စက်နှင့် ဆက်စပ်ပစ္စည်းများကို လှူဒါန်းပေးသည့် ငွေဇင်ယော်အုတ်စက်ရုံမှ တာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်းနှင့် နေပြည်တော် အားကစားအသင်းများအနေဖြင့် အောင်မြင်မှုရရှိပြီး နေပြည်တော်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်သူများဖြစ်အောင် ကြိုးစားလေ့ကျင့်ရန်၊ ပြိုင်ပွဲမှတစ်ဆင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများဖြစ်အောင် ရည်မှန်းချက်ထားကြရန်၊ စခန်းသွင်းကာလနှင့် ပြိုင်ပွဲကာလတွင် အားကစားသမားကောင်း ပီသစွာ ပြုမူနေထိုင်သွားကြရန် ပြောကြားသည်။

**လက်ခံရယူ**

ဆက်လက်၍ ငွေဇင်ယော် အုတ်စက်ရုံဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပဲနို့ရည်စက် ထောက်ပံ့ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ငွေဇင်ယော် အုတ်စက်ရုံက လှူဒါန်းသည့် ပဲနို့ရည်စက်အား နေပြည်တော် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးက လက်ခံရယူသည်။

ထို့နောက် ပဲနို့ရည်စက်မှ ပဲနို့ထုတ်လုပ်ပုံအဆင့်ဆင့် သရုပ်ပြသမှုကို နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

---

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

---

**❖ နိုဝင်ဘာ ၆ မှ**


မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**၆-၁၁-၂၀၂၄ ရက်နေ့မှ ၈-၁၁-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**



# ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် အလှူရှင်များက စားရေရိက္ခာနှင့် ကျောင်းသုံးပစ္စည်းများလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၅

ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China International Trust and Investment Corporation (CITIC Myanmar) နှင့် China Foundation for Rural Development (CFRD) တို့က ငွေကျပ် ၃၆၁၅၀၀၀၀ တန်ဖိုးရှိစားရေရိက္ခာနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) ၌ ကျင်းပသည်။




ဦးစွာ CITIC Myanmar မှ Deputy Managing Director ဖြစ်သူ Mr. Ma Chuanfu နှင့် CFRD မှ Program Mananger ဖြစ်သူ Ms. Yan Tianjia တို့က ဘေးသင့်ပြည်သူများအတွက် မေတ္တာတရားအခြေခံကာ စွမ်းနိုင်သမျှ ထောက်ပံ့ကူညီမှုပြုခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

လှူဒါန်းပစ္စည်းများဖြစ်သည့် ဆန်၊ ပဲဝါလေးနှင့် ခေါက်ဆွဲခြောက်များ၊ ကျောင်းသုံးပစ္စည်းများကို နေပြည်တော်အတွင်း ရေဘေးသင့်ကျေးရွာများသို့ အလှူရှင်များကိုယ်တိုင် သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်၌ ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲ ကျင်းပ

ပျဉ်းမနား နိုဝင်ဘာ ၅

စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ မဲခေါင်-လန်ချန်းပူးပေါင်း



ဆောင်ရွက်မှုအထူးရန်ပုံငွေ ၂၀၂၂ စီမံကိန်းဖြင့် ဆောင်ရွက်သည့် ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုနည်းပညာဆွေးနွေးပွဲနှင့် ကြံသီးနှံစံပြကွက်များ သရုပ်ပြပွဲကို ကျီးဖြူရိုးကျေးရွာ တောင်သူ ဦးသိန်းရွှေ၏ ကြံစိုက်ဧက သုံးဧက၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်ကြွယ်က အမှာစကားပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်က စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် လမ်းညွှန်ပြောကြားခဲ့သည်။ ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့်တာဝန်ရှိသူများက ကြံသီးနှံစိုက်ပျိုးနည်းစနစ်များနှင့် ကြံသီးနှံအထွက်တိုးနည်းပညာများကို ဆွေးနွေးပြောကြားပြီး ကြံသီးနှံစိုက်ပျိုးရေး အထောက်အကူပြုပစ္စည်းခြောက်မျိုးကို ကြံစိုက်တောင်သူ ၅၅ ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန် တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၁)ရပ်ကွက် လိန်ကုန်း ကျေးရွာရှိ တောင်သူ ဦးအောင်နိုင်၏ မျိုးစေ့ထုတ်စိုက်ခင်း၌ မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**တက်ရောက်**

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရွှေပြည်သာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှမြတ်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးဆန်းနှင့် တောင်သူများ တက်ရောက်ကြပြီး တစ်ဧကအစိုအထွက်နှုန်း ၁၁၀ ဒသမ ၀၃ တင်းနှင့် အခြောက်အထွက်နှုန်း ၉၄ ဒသမ ၀၃ တင်း ထွက်ရှိကြောင်း သိရသည်။




**မြင့်ဦး**

## အိတ်ဖွင့်တင်ဒါ( Open Tender )ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၄ - ၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အတွင်း သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့်ဝယ်ယူမည့် Strychnine Hydrochloride(25 kg)အား မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါစနစ် ( မြန်မာကျပ်ငွေ)ဖြင့် တင်ဒါတင်သွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက်/အချိန် - (၅-၁၁-၂၀၂၄)မှ(၁၈-၁၁-၂၀၂၄) ရက်နေ့အထိ( ရုံးချိန်အတွင်း )
တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် - (၁၈-၁၁-၂၀၂၄)ရက်နေ့ (၁၆:၃၀) နာရီ
တင်ဒါတင်သွင်းရမည့်နေရာ- ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့။
တင်ဒါဖွင့်လှစ်မည့်နေ့ရက် - သီးခြားအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ ဖုန်း ( ၀၉-၅၂၈၃၄၅၉ )သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အစုရှယ်ယာရှင်များသို့အသိပေးအကြောင်းကြားခြင်း

၁။ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် (၂၈)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဘဏ်၏ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ရွေးချယ်ခံမည့် ဒါရိုက်တာများက အဆိုပြုလွှာစာရင်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အထွေထွေအစည်းအဝေး မကျင်းပမီ ကြိုတင်ပေးပို့ တင်ပြရမည်ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ သင်းဖွဲ့စည်းမျဉ်း စာပိုဒ် (၈၄)အရ "လစ်လပ်သောဒါရိုက်တာနေရာအတွက် အရွေးချယ်ခံရန် အစုရှယ်ယာ (၁,၀၀၀)စုနှင့် အထက်ပိုင်ဆိုင်သူသာလျှင် ဝင်ရောက် ရွေးချယ်ခံ ပိုင်ခွင့်ရှိပါသည်။ အစုရှယ်ယာ (၁,၀၀၀)စု ဟုဆိုရာတွင် အရွေးချယ်ခံမည့်သူသည် မိမိအမည်ဖြင့် အစုအနည်းဆုံး(၁၀၀)စုရှိရမည်ဖြစ်ပြီး မိသားစုတွင်လည်းကောင်း၊ မိမိအားယုံကြည်၍ ကိုယ်စားလွှဲအပ်ပေးမည့်သူ၏ အစုရှယ်ယာအားလည်းကောင်း၊ ဖြည့်စွက်၍ ကိုယ်စားပြုထည့်သွင်း၍ ရွေးချယ်ခံခွင့်ရှိပါသည်။ ကိုယ်ပိုင်အစုရှယ်ယာ(၁၀၀)စုနှင့် အထက် ပိုင်ဆိုင်သူများအနေဖြင့် ဒါရိုက်တာအဖြစ် ဝင်ရောက်ရွေးချယ်ခံမည်ဆိုပါက အစုရှယ်ယာအရေအတွက် (၁,၀၀၀)စု (သို့မဟုတ်) ကိုယ်စားလှယ်လွှဲအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာတို့နှင့်အတူ (၁၂-၁၁-၂၀၂၄)ရက်၊ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် အမှတ်(၂၉၈)၊ အနော်ရထာလမ်းနှင့်ဝါးတန်းလမ်းထောင့်၊ အမှတ်(၂) ရပ်ကွက်၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့လာရောက်၍ အဆိုပြုလွှာဖြင့် လျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၃။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရွေးချယ်ခံမည့်ပုဂ္ဂိုလ်များသည် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ အခန်း(၁၀)၊ ပုဒ်မ(၇၆)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မငယ်(၁)မှ(၈)အထိ ဖော်ပြထားသည့်အရည်အချင်းများနှင့်ကိုက်ညီရမည်ဖြစ်ပါသည်။ အဆိုပြုလွှာ ဖြည့်စွက်ရန် လာရောက်ပါက မှတ်ပုံတင်မူရင်း၊ လိုင်စင်ဓာတ်ပုံ(၁)ပုံနှင့်အစုရှယ်ယာပိုင်ဆိုင်မှု အထောက်အထား မူရင်းများအား တစ်ပါတည်းယူဆောင်လာပါရန်မေတ္တာရပ်ခံပါသည်။

၄။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့် အစီအစဉ်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။ ထပ်မံသိရှိလိုသည့်အချက်များရှိပါက လိုက်နာဆောင်ရွက်ရေးဆိုင်ရာအရာရှိချုပ် ဖုန်း-၀၉-၇၉၉၈၆၇၀၀၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၊ စစ်တွေလမ်းရှိ ကားဂိတ်အခန်းအမှတ် (ဏ/A-၁၁)၏အမည်ပေါက် ဒေါ်ငွေခိုင် [၁၁/မပတ(နိုင်)၀၀၁၁၅၃] မှ ညီမအရင်းဖြစ်သူ ဒေါ်ထွေးထွေးခိုင်[၁၁/မပတ(နိုင်)၀၀၀၂၄၂]သို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ကတိစာချုပ်အရ ယင်းကားဂိတ်ခန်းအား ဒေါ်ထွေးထွေးခိုင်မှ လက်ခံရရှိပြီးဖြစ်၍ ၎င်းအမည်ဖြင့် အမည်ပြောင်းပေးပါရန် ဒေါ်ငွေခိုင် [၁၁/မပတ(နိုင်)၀၀၁၁၅၃]၏ အမည်ပြောင်းခြင်းကို ကန့်ကွက်ရန်မရှိကြောင်းစာ၊ သန်းခေါင်စာရင်းမိတ္တူ၊ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ကတိစာချုပ်၊ ဆိုင်ခန်းမှတ်ပုံတင်စာအုပ် မိတ္တူ စသည့်အထောက်အထားများနှင့်အတူ ဌာနသို့ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၄၅၂/ခ)၊ တစ်ခန်းလျှင်(၁၈'x ၅၄') အကျယ်အဝန်းရှိ (၆)ထပ်၊ Hall Type မှ ပထမထပ်၊ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမိုးပြည့်ဟိန်း [၁၂/ဥကတ (နိုင်) ၁၆၄၅၂၃]နှင့် ဒေါ်ဆုမြတ်စိုး [၁၂/သဃက(နိုင်)၁၉၀၅၃၀]တို့မှ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ၎င်းတို့မှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းကို စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်းအထောက်အထား ခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြိုးဖြိုးမြင့်**
**(စဉ်-၁၁၅၇၆) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၉)၊ သီရိမြိုင်လမ်းမ၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၅၄၃၂**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၅

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်သည်။

**မိုး/ဇလ**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၂၄၅/က)၊ အင်းဝ(၃)လမ်း၊ အကျယ်အဝန်း (၁၂၀၀)စ/ပေ အကျယ်ရှိ ဒေါ်မိုးသန္တာငြိမ်း အမည်ပေါက်သည့် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ+မီးစုံလင်စွာပါရှိသော(၂)ထပ်အိမ်(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးသန္တာငြိမ်း (၁၂/ဥကမ(နိုင်)၀၀၂၆၂၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
တရားလွှတ်တော်ရှေ့နေ ဒေါ်မေမြတ်ချိန် LL.B,D.B.L (စဉ်-၁၁၃၁၁)
အထက်တန်းရှေ့နေ ဒေါ်ဝတ်ရည်ငွေး LL.B,LL.M (စဉ်-၃၆၉၁၇)

ရုံးချုပ် á အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ á 09-5185534, 09-5173690, 09-5040160, 09-420203960
ရုံးခွဲ á အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ á 09-5060940, 09-5185539, 09-450450977, 09-450450907



## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယဿဝတီ(၁၃)လမ်း အမှတ်(၉၂၂)ရှိ နှစ်ခန်းတွဲ(၆)ထပ်တိုက်၏ မြေညီထပ်(ဘီ)၊ ခြေရင်းခြမ်း (၁၂½×၅၀)ရှိ တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းကို ခင်ပွန်းဖြစ်သူ ဦးဝင်းမြင့်(၁၂/ဥကတ(နိုင်)၀၅၉၅၇၆) မှ ဝယ်ယူပိုင်ဆိုင်ပြီး ၎င်းကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်ကျင်မွေး (၁၂/ဥကတ(နိုင်) ၀၅၉၁၁၁) တရားဝင်အမွေဆက်ခံလက်ရှိထားပိုင်ဆိုင်ပြီးအဆိုပါ တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံ ကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန် ပါကအရောင်းအဝယ်ကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်မျိုးထက် (LL,B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၇)
အမှတ် (၁၀၁)၊ ပထမထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။ ၀၉-၄၃၂၀၇၃၃၉၊၀၉-၄၂၀၀၈၇၁၇၇

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## တင်ဒါအမှတ် - ၁ /၂၀၂၄-၂၀၂၅ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်)အား စက်မှုလုပ်ငန်းလုပ်ကိုင်ရန်အတွက် (၅)နှစ်သက်တမ်း ငှားရမ်းမည်ဖြစ်ပါသည်။

၂။ တင်ဒါအစီအစဉ်

(က) တင်ဒါပုံစံရောင်းချမည့်ရက် - (၆-၁၁-၂၀၂၄) နံနက်(၁၀ :၀၀)နာရီ

(ခ) တင်ဒါပိတ်ရက်နှင့်အချိန် - (၂၀-၁၁-၂၀၂၄) ညနေ (၁၆:၀၀)နာရီ

(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို (၆-၁၁-၂၀၂၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇) နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၄၀၈၃၉၃၊ ၀၉-၄၂၅၃၁၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ အောင်သုခလမ်း၊ အမှတ်(၉)၊ တိုက်ခန်းနံပါတ် (၉/၄)ရှိ အကျယ်အဝန်း (၁၂ပေx၄၇ပေ)ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးအား တရားဝင် လက်ရောက် ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးမောင်တင် [၁၀/မလမ(နိုင်)၀၁၈၁၂၇]ထံ မှ ကျွန်ုပ်၏မိတ်ဆွေ မစုမြတ်စံ [၁၀/မလမ(နိုင်)၁၂၆၇၆၉]က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကြီး**
**အထက်တန်းရှေ့နေ(စဉ်-၅၂၁၇၃)(၃၀-၁၂-၁၉)**
**အမှတ်(၄၆၇)၊ ကောလိယ(၂၁)လမ်း၊(၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ လူနေရပ်ကွက် အမှတ်-၆၊ မြစ်ကြီးနားလမ်း၊ မြေကွက်အမှတ်-၁၀၁(ခ)၊ အကျယ်ပေ (၂၀x၆၀)ရှိ ဦးကြီးငွေ(ခ) ဦးကြည်မြင့်အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင်ဦးကြီးငွေ(ခ)ဦးကြည်မြင့်၏ သမီးဖြစ်သူ ဒေါ်မူမူခင်ထံမှ (၃၁-၁၀-၂၀၂၄) ရက်စွဲပါစာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဦးခင်ဇော် [၁၂/အစန(နိုင်)၁၃၆၉၇၃] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသန်းလွင်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| --- | --- |
| ဦးသန်းလွင် | ဒေါ်ခင်မာလွင်(LL.B.,D.B.L) |
| [၁၂/ရပသ(နိုင်)၀၂၁၆၈၁] | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂) |
| အမှတ်-၁/၅၀၊ | အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ |
| ဦးညွှန့်မောင်လမ်း၊ | (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ |
| (၂၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ | ဖုန်း-၀၉-၅၁၈၉၆၈၉ |

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၈၊ လူနေရပ်ကွက်အမှတ်- ၁၉၊ စွယ်တော်(၂)လမ်း၊ မြေကွက်အမှတ်-၁၃၃၊ တပ်ကြပ်ကျင်အောင် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အကျယ်ပေ(၄၀x၆၀)ရှိ မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း အကျယ်ပေ (၂၀x၆၀) မြေကွက်အစိတ်အပိုင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အစိတ်အပိုင်းအား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ (၂၂-၉-၂၀၂၄)ရက်စွဲပါစာချုပ်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင်ဦးမင်းဇော် [၅/တဆန(နိုင်) ၀၇၃၀၈၄]မှ မြေကွက်ပိုင်ဆိုင်မှုအထောက်အထားအဖြစ် မြေချပါမစ်ရှိတပ်ကြပ်ကျင်အောင်၏မိသားစုဇာတ်ပုံမူရင်း၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်စာရွက်မူရင်း၊ ရွှေ့ပြောင်းမည့်သူများ ရာဇဝင်အကျဉ်းချုပ်စာရွက်မိတ္တူနှင့် မြေနေရာချထားပေးခြင်းခံရသူများ၏ မှီခိုသူများစာရင်းစာရွက်မိတ္တူတို့အား ပေးအပ်ရောင်းချခြင်းကိုဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းဆင့်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| --- | --- |
| ဒေါ်သန်းသန်းဆင့် | ဒေါ်ခင်မာလွင်(LL.B.,D.B.L) |
| [၁၂/လမန(နိုင်)၀၉၉၆၅၅] | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂) |
| အမှတ်-၈၁၅၊ ဗဟိုလမ်းမ၊ | အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ |
| (၁)ရပ်ကွက်၊ လှိုင်မြို့နယ်။ | ရွှေပြည်သာမြို့နယ်။ ဖုန်း- ၀၉-၅၁၈၉၆၈၉ |

## ရန်ကုန်တက္ကသိုလ်
## ကုန်ထုတ်ဓာတုဗေဒဌာန
## အလှကုန်လုပ်ငန်း အတတ်ပညာ
## (Certificate in Cosmetic Technology ) (CHRD)
## သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ်၊ ကုန်ထုတ်ဓာတုဗေဒဌာနတွင် အလှကုန်လုပ်ငန်းအတတ်ပညာ (Certificate in Cosmetic Technology ) (CHRD) သင်တန်းကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

၂။ အထက်ပါသင်တန်းကို တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများမှစ၍ လျှောက်ထားနိုင်ပါသည်။

၃။ သင်တန်းအချက်အလက်များမှာ

(က) သင်တန်းစတင်ဖွင့်လှစ်မည့်ရက် - ၃-၁၂-၂၀၂၄

(ခ) သင်တန်းကာလ - (၃)လ

(ဂ) သင်တန်းအချိန် - (အင်္ဂါ၊ဗုဒ္ဓဟူး၊ကြာသပတေး) နံနက် ၇ နာရီမှ ၉ နာရီထိ

(ဃ) သင်တန်းကြေး - (၃)လ တစ်သိန်းကျပ်တိတိ

(င) လက်ခံမည့်သင်တန်းသားဦးရေ - ၁၀၀ ဦး

၄။ အသေးစိတ်အချက်အလက်များကို ကုန်ထုတ်ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်တွင် စုံစမ်းနိုင်ပါသည်။

၅။ ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၁-၁၁-၂၀၂၄ မှ ၂၂-၁၁-၂၀၂၄ ရက်အထိ လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်းနံပါတ်များ ၀၉-၄၂၀၁၁၆၈၈၄၊ ၀၉-၇၈၂၇၁၂၅၇၈၊ ၀၉-၅၁၉၅၃၁၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၈)ရပ်ကွက်၊ စကားဝါလမ်း၊အမှတ်(၅၈၃)ဟုခေါ်တွင်သော အလျား၆၀ပေxအနံ၁၀ပေရှိ ဒေါ်တင်တင်အမည်ပေါက် နှစ်(၆၀)ပါမစ်မြေကွက်ကို သားသမီးများဖြစ်ကြသော ဦးဝင်းကိုကို [၁၂/ဒဂဆ(နိုင်)၀၁၉၉၀၀]+၂ တို့မှ လက်ရှိပိုင်ဆိုင်ပြီး ရောင်းချလာသဖြင့် ကျွန်မ ဒေါ်ခင်မာသီမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာသီ [၁၄/ဒဒရ(နိုင်)၀၉၂၃၆၂]**
**ဒဂုံဆိပ်ကမ်းမြို့နယ်**
**ဖုန်း-၀၉-၂၆၂၆၉၆၉၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

